# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ခွင့်ပန် ကြားသူများမှာ-

(၁) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၂၂ ရက်၊

(၂) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၅) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၆) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၂ ရက်၊

(၇) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၈) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၂ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၁ ရက်၊

(၁၂) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၁၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သတ္တုတွင်းဝန်ကြီးဌာနသည် ရွှေတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်သောကုမ္ပဏီများနှင့်ပတ်သက်၍ အကြွေးသစ်များပေးသွင်းရန် ကုမ္ပဏီများ ထပ်မံတိုးလာခြင်းရှိ/မရှိ၊ ကြွေးကျန်ကုမ္ပဏီများအပေါ် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သတ္တုတွင်းဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းများကို မေးမြန်းမှာ ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနဟာ ရွှေတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်တဲ့ ကုမ္ပဏီတွေကနေ ၂၈-၁-၂၀၁၅ ရက်နေ့အထိ ရရန်ရွှေစင် ကြွေးကျန် ၈၆၆၇၇.၆၄ ကျပ်သား ကျန်ရှိကြောင်း သိရှိရပါတယ်။ ၁၅-၇-၂၀၁၄ ရက်နေ့ စာရင်းစစ်တွေ့ရှိချက်အရ ၉၆၁၃၆.၉၆ ကျပ်သားဖြစ်သဖြင့် ၉၄၅၉.၃၂ ကျပ်သားသာ တိုးတက်ကောက်ခံရရှိကြောင်း တွေ့ရှိရပါတယ်။ ပိဿာဖြင့်တွက်လျှင် ၈၆၆.၇၇ ပိဿာကြွေးကျန်ဖြစ်ပေါ်နေပါတယ်။ နိုင်ငံတော်အတွက် အလွန်နစ်နာလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် သိရှိလိုတဲ့မေးခွန်းတွေကတော့ (က) ၁၅-၇-၂၀၁၄ ရက်နေ့နောက်ပိုင်းတွင် ကြွေးသစ်များပေးသွင်းရန် ကုမ္ပဏီများ ထပ်မံတိုးလာခြင်းရှိ/မရှိ၊ (ခ) ၁၅-၇-၂၀၁၄ ရက်နေ့မှ ယနေ့အထိ ကြွေးကျန်ကုမ္ပဏီများအပေါ် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေနဲ့ (ဂ) အကြွေးမပေးနိုင်တဲ့ကုမ္ပဏီတချို့ ဖျက်သိမ်းခြင်း၊ အမည်သစ်များဖြင့် ပြန်လည်လျှောက်ထားတူးဖော်ခြင်းအခြေအနေ စသည်တို့ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သဂါဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ကယားပြည်နယ် မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းရဲ့ သတ္တုတွင်းဝန်ကြီးဌာနသည် ရွှေတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများထံမှ ၁၅-၇-၂၀၁၄ ရက်နေ့နောက်ပိုင်းတွင် အကြွေးသစ်များပေးသွင်းရန် ကုမ္ပဏီများ ထပ်တိုးလာခြင်းရှိ/မရှိ၊ ၁၅-၇-၂၀၁၄ ရက်နေ့မှ ယနေ့အထိ ကြွေးကျန်ကုမ္ပဏီများပေါ် အရေးယူဆောင်ရွက်ထားမှုအခြေအနေနဲ့ အကြွေးမပေးနိုင်သောကုမ္ပဏီတချို့ ဖျက်သိမ်းခြင်း၊ အမည်သစ်များဖြင့် ပြန်လည်လျှောက်ထားတူးဖော်ခြင်း အခြေအနေတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးကျော်ခိုင်ဝင်း မေးမြန်းခဲ့တဲ့မေးခွန်းကို ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ လှိုက်လှဲဝမ်းမြောက်စွာနဲ့ ကြိုဆိုပါကြောင်း ကျွန်တော် ပြောကြားလိုပါတယ်။ ဒီမေးခွန်းများ မေးမြန်းခြင်းအားဖြင့်လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ခွန်အားသစ်တစ်ရပ်ရရှိပါကြောင်း ထပ်လောင်းပြီးတော့ တင်ပြအပ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပထမမေးခွန်းဖြစ်တဲ့ ၁၅-၇-၂၀၁၄ ရက်နေ့နောက်ပိုင်းမှာ အကြွေးသစ်များ ပေးသွင်းရန်ကုမ္ပဏီများ ထပ်မံတိုးလာခြင်းရှိ/မရှိနှင့်ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအနေဖြင့် ရွှေအသေးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားတဲ့ကုမ္ပဏီများကို လုပ်ကွက်တစ်ကွက်ကို ခွင့်ပြုသက်တမ်းတစ်နှစ်နဲ့ သတ်မှတ်ရွှေစင် ၂၄ ကျပ်သား ကြိုတင်ပေးသွင်းစေတဲ့စနစ်နဲ့ စာချုပ်ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုခြင်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်ကာလအတွက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ပြီး ၁၀-၂-၂၀၁၅ ရက်စွဲပါ စစ်ဆေးချက်အစီရင်ခံစာအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ

ရွှေပေးသွင်းရန်ကုမ္ပဏီများ ထပ်မံတိုးလာခြင်းမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ပထမ မေးခွန်းဖြစ်တဲ့ ၁၅-၇-၂၀၁၄ ရက်နေ့နောက်ပိုင်း အကြွေးသစ်များပေးသွင်းရန် ကုမ္ပဏီများ ထပ်မံ တိုးလာခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ၁၅-၇-၂၀၁၄ ရက်နေ့ကနေပြီး ဒီနေ့အထိ ကြွေးကျန်ကုမ္ပဏီများအပေါ်မှာ အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ပတ်သက်ပြီး သတ္တုတွင်း ဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနဲ့ ၃၀-၄-၂၀၁၄ ရက်နေ့မှာရှိတဲ့ အကျိုးတူ ရွှေသတ္တု တူးဖော်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ခဲ့ကြတဲ့ကုမ္ပဏီများမှ ရွှေစင် ၉၆၁၃၆.၉၆ ကျပ်သား ပေးသွင်း ရန်ကျန်ရှိကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ကာလအတွက် စာရင်းစစ်ဆေးမှုအရ စာရင်းဖော်ပြခဲ့ပါတယ်။ ၁၅-၇-၂၀၁၄ ရက်နေ့မှာ ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီမှာ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းရဲ့ ၃၀-၄-၂၀၁၄ ရက်နေ့ ပေးသွင်းရန် ကျန် ရွှေစင် ၉၆၁၃၆.၉၆၃ ကျပ်သားဖြစ်ပါကြောင်း တာဝန်ရှိသူများ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါ တယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် စာရင်းစစ်အစီရင်ခံစာအရ ၃၀-၄-၂၀၁၄ ရက်နေ့မှ ၃၁-၁၀-၂၀၁၄ ရက်နေ့အထိ ရွှေအကြီးစား၊ အသေးစားကုမ္ပဏီများမှ ရွှေစင် ၉၄၅၉.၃၂ ကျပ်သားထပ်မံရရှိသဖြင့် ရွှေစင် ၈၆၆၇၇.၆၄ ကျပ်သားပေးသွင်းရန် ကျန်ရှိကြောင်း တင်ပြခဲ့ပါတယ်။ အထက်ပါ ပေးသွင်းရန်ကျန်ရွှေစင် ၈၆၆၇၇.၆၄ ကျပ်သားအနက် ရွှေအကြီးစား ထာဝရကုမ္ပဏီ (ကျောက်ပထိုးသတ္တုတွင်း)မှ ဖြည့်စွက်ပေးသွင်းသည့်ရွှေစင် ၇၆၅.၄၉ ကျပ်သား၊ ရွှေအသေးစား ကုမ္ပဏီ ၂၃ ခုမှ ရွှေစင် ၂၈၆.၆၇ ကျပ်သား စုစုပေါင်း ရွှေစင် ၁၀၅၂.၁၆ ကျပ်သားထပ်မံရရှိခဲ့တဲ့ အတွက်ကြောင့် ၂၃-၂-၂၀၁၅ ရက်နေ့ထိ ပေးသွင်းရန်ကျန်ရွှေစင် ၈၅၆၂၅.၄၈ ကျပ်သား ဖြစ်ပါတယ်။ ရွှေစင်ပေးသွင်းမှုများ ကျန်ရှိရွှေစင်များစာရင်းကို Power Point ဖြင့် တင်ပြထားကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ၂၀-၈-၂၀၁၃ ရက်နေ့အထိ စာရင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ ပေးသွင်းရန် ရွှေကြွေးကျန် စုစုပေါင်း ၁၀၇၂၁၀.၉၀ ကျပ်သား ရှိခဲ့ပါတယ်။ ၂၃-၂-၂၀၁၅ ရက်နေ့မှာ ရွှေကြွေးကျန်စုစုပေါင်း ၈၅၆၂၅.၄၈ ကျပ်သားသာ ကျန်ရှိတဲ့ အတွက်ကြောင့် သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ တင်ပြပါကာလအတွင်းမှာ ၂၁၅၈၅.၄၂ ကျပ်သား ကောက်ခံရရှိခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ပေးသွင်းရန်ကျန် ရွှေစင် ၈၅၆၂၅.၄၈ ကျပ်သားအနက်မှ ရွှေအကြီးစားကုမ္ပဏီများဖြစ်တဲ့ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီ (လုပ်ကွက်ကြီး-A)၊ ရွှေမိုးယံကုမ္ပဏီ (လုပ်ကွက်ကြီး-B)၊ အာရှကမ္ဘာမြေကုမ္ပဏီ (လုပ်ကွက်ကြီး-D) တို့ရဲ့ စာရင်းစစ်အစီရင်ခံစာအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပေးသွင်းရန်ကျန် အဖြစ် စာရင်းပေါ်ပေါက်နေတဲ့ရွှေစင် ၅၃၃၄၂.၁၇ ကျပ်သားနှင့်ပတ်သက်ပြီး ကုမ္ပဏီသုံးခုကနေပြီး မူလစာချုပ်ပါ သတ်မှတ်ရွှေစင်များ ပေးသွင်းနိုင်ဖို့အတွက် သတ္တုတွင်းထူထောင်ရန်အချိန် လုံလောက်မှုမရှိခြင်း၊ အဆင့်မြင့်နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံရန်စတဲ့အခက်အခဲများကြောင့် မူလစာချုပ်အား ပြင်ဆင်ချုပ်ဆိုနိုင်ရေး အသနားခံတင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အရ ကုမ္ပဏီများရဲ့ မူလစာချုပ်သက်တမ်းကို ငါးနှစ်အစား ရှစ်နှစ်ကို တိုးမြှင့်ပေးဖို့ ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့နှင့် ၁၅ ရက်နေ့များမှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်အရ ကုမ္ပဏီသုံးခုအနေနဲ့ နိုင်ငံတော်သို့ စုစုပေါင်း ပေးသွင်းရမယ့် ရွှေစင်ပမာဏ နဲ့ ပေးသွင်းရမယ့်ကာလကို ပြောင်းလဲမှုမရှိဘဲနဲ့ ၁-၄-၂၀၁၄ ရက်နေ့ကနေပြီး လစဉ်ရွှေပေးသွင်း ရမယ့် လျာထားချက်များအတိုင်း ပေးသွင်းစေပြီး သတ်မှတ်သက်တမ်းရှစ်နှစ်အတွင်းမှာ အပြီးအပြတ် ပေးသွင်းစေခြင်းဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပေးသွင်းရန်ကျန် ရွှေစင် ၅၃၃၄၂.၁၇ ကျပ်သားကို တစ်ပါတည်း ပေးသွင်းသွားရမှာဖြစ်ပါတယ်။ ထို့သို့ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ အပြီးသတ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ရွှေအကြီးစား ထာဝရကုမ္ပဏီ(ကျောက်ပုထိုးသတ္တုတွင်း)ဟာ နိုင်ငံတော်အစိုးရရဲ့ ဆိုဒီယမ်ဆိုင်ယာနိုက် တင်သွင်းခွင့်ပိတ်ပင်ထားတဲ့ ညွှန်ကြားချက်အရ အဲ့ဒီဆိုဒီယမ်ဆိုင်ယာနိုက်ဓာတ်ဆေး ပြတ်လပ်တဲ့အကြောင့်မို့လို့ ရွှေမထုတ်နိုင်တဲ့ကာလများအတွက် စာရင်းစစ် စစ်ဆေးချက်အစီရင်ခံစာအရ ၅၇၅၄.၈၄ ကျပ်သား ပေးသွင်းရန်ကျန်ရှိမှုကို စစ်ဆေးရေးအဖွဲ့နဲ့ ဖွဲ့စည်းစစ်ဆေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခဲ့တဲ့အခါမှာ ဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံရန် ရယူညွှန်ကြားခဲ့ပါတယ်။ ၁၉-၁-၂၀၁၅ ရက်နေ့မှာ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနဲ့ ထာဝရကုမ္ပဏီတို့အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်များအရ ရွှေသတ္တုအကြီးစား ထုတ်လုပ်နေစဉ်ကာလအတွင်း ဆိုဒီယမ်ဆိုင်ယာနိုက်ဓာတ်ဆေးပြတ်တောက်ခြင်းကို မလွန်ဆန်နိုင်သောဖြစ်ရပ်အဖြစ်သတ်မှတ်ရန်၊ ထိုကာလအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်ရွှေစင် ၅၇၅၄.၈၄

ကျပ်သားကို ကင်းလွတ်ခွင့်ပြုရန် အချက်များ ထည့်သွင်းပြီးတော့မှ နောက်ဆက်တွဲစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ယင်းဆိုဒီယမ်ဆိုင်ယာနိုက်ဓာတ်ဆေး ပြတ်လပ်ခဲ့သဖြင့် ရွှေမထုတ်လုပ်နိုင်သောကာလအတွက် ရွှေစင် ၅၇၅၄.၈၄ ကျပ်သားကို နှစ်အဆက်ဆက်ပေးသွင်းရန် ရွှေစင်များစာရင်းမှ ပယ်ဖျက်နိုင်ရေး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီမှာ ကျွန်တော် တင်ပြချင်တာကတော့ ၅၇၅၄.၈၄ ကျပ်သားကို ပယ်ဖျက်ခွင့်ပြုခဲ့ပြီးကြောင်း ကျွန်တော် ဖြည့်စွက်ပြီးတော့ တင်ပြအပ်ပါတယ်။

အသေးစားကုမ္ပဏီများကို နှစ်အဆက်ဆက်ပေးသွင်းရန်ကျန် ရွှေစင်များမှ စာရင်းရှင်းလင်း ပယ်ဖျက်နိုင်ဖို့အတွက်ကို ဝန်ကြီးဌာနမှာ နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြမှုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီး သတ္တုတွင်းဝန်ကြီးဌာနရဲ့ အစီအမံအတိုင်းဆောင်ရွက်ဖို့အတွက် ကို လမ်းညွှန် မှုပြုခဲ့ပါတယ်။ အဲ့ဒီလမ်းညွှန်မှုပြုခဲ့တဲ့နည်းလမ်းလေးသွယ်ကတော့ Power Point မှာ ကျွန်တော် တင်ပြထားပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော် အကျဉ်းချုပ်ပဲ ဆက်လက်တင်ပြသွား မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ခွင့်ပြုမှုအရ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၄၂/၈၆) ပြဋ္ဌာန်း ချက်များပါအတိုင်း စာရင်းရှင်းလင်းပယ်ဖျက်နိုင်ရေး စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ပါ တယ်။ ၂၅-၂-၂၀၁၅ ရက်နေ့မှာ ထပ်မံကောက်ခံရရှိတဲ့ရွှေအကြီးစား (ကျောက်ပုထိုး) ရွှေစင် ၇၆၉.၄၉ ကျပ်သား၊ အသေးစားကုမ္ပဏီသုံးခုမှ စုစုပေါင်း ၂၈၆.၆၇ ကျပ်သား စုစုပေါင်း ရွှေစင် ၁၀၅၂.၁၆ ကျပ်သားကို ကောက်ခံရရှိပြီးဖြစ်တဲ့အတွက်ကြောင့် ရရန်ကျန် ရွှေစင် ၈၅၆၂၅.၄၈ ကျပ်သားသာ ကျန်ရှိမှာဖြစ်ပါတယ်။ အဲ့ဒီအပြင် အထက်မှာတင်ပြခဲ့တဲ့အတိုင်း အကြီးစားကုမ္ပဏီများမှ စာရင်း ပယ်ဖျက်ခြင်းဆောင်ရွက်ဆဲ ရွှေစင် ၅၉၀၉၇.၀၁ ကျပ်သားနဲ့ အသေးစားကုမ္ပဏီများမှ စာရင်း ပယ်ဖျက်ခြင်းဆောင်ရွက်ဆဲရွှေစင် ၁၈၄၄.၆၁ ကျပ်သား စုစုပေါင်းရွှေစင် ၆၀၉၄၁.၆၂ ကျပ်သားကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ စာရင်းရှင်းလင်းပယ်ဖျက်ပြီးပြီဆိုရင် စုစုပေါင်း ပေးသွင်းရန်ကျန် ရွှေစင်ဟာ ၂၄၆၈၃.၈၆ ကျပ်သားသာ ကျန်ရှိမှာဖြစ်ပါတယ်။ အဆိုပါစာရင်းကို Power Point နဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ပေးသွင်းရန်ကျန်ရှိတဲ့ အသေးစားကုမ္ပဏီများကို အထက်ပါအတိုင်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာ(၄၂/၈၆) ပြဋ္ဌာန်းချက်များပါအတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ရန် စုံစမ်းစစ်ဆေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊ ပေးသွင်းရန် တာဝန်ရှိသည့် ငွေများကို ကုမ္ပဏီများသို့ ကောက်ခံခြင်း၊ ပေးသွင်းခြင်းမရှိသောကုမ္ပဏီများကို တရားဥပဒေများအရ အရေးယူခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်းစတဲ့ နည်းလမ်းလေးသွယ်ပါအချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ နံပါတ်(၃) မေးခွန်းပါ အကြွေးမပေးနိုင်သောကုမ္ပဏီတချို့ ဖျက်သိမ်းခြင်း၊ အမည်သစ်များဖြင့် ပြန်လည်လျှောက်ထားခြင်း၊ တူးဖော်ခြင်း အခြေအနေများနှင့်ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားပါ့မယ်။ ကြွေးကျန်ပေးသွင်းနိုင်ခြင်းမရှိတဲ့ကုမ္ပဏီများကို နည်းလမ်းလေးသွယ်နဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးများ ပြုလုပ်ပြီးတော့မှ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ နောက်နည်းလမ်းတစ်ခုကတော့ ကုမ္ပဏီအမည်သစ်နဲ့ ပြန်လည်လျှောက်ထားတူးဖော်ခြင်းများ မရှိစေရေးအတွက်လည်း ကြွေးကျန်ရှိတဲ့ ကုမ္ပဏီများရဲ့ Board of Director စာရင်းဝင်သူများကို ကုမ္ပဏီသစ်များမှာ ပါဝင်မှုရှိ/မရှိ စစ်ဆေးပြီး ပါရှိတာကိုတွေ့ရှိရင် ကုမ္ပဏီရဲ့တာဝန်ရှိသူတွေကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်း တာဝန်ရှိသူများမှ ခေါ်ယူတွေ့ဆုံပြီးတော့ ကြွေးကျန်ငွေစင်များ ပေးသွင်းရေးအတွက်ကို ထိန်းချုပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ အခြားလုပ်ငန်းများ ဆောင်ရွက်ခွင့်ကို ထိန်းချုပ်ကြပ်မတ်စိစစ်နိုင်ရေးအတွက်လည်း ဒီအမည်ပျက်ရှိသူများကို ဦးစီးဌာနလုပ်ငန်းများသို့ ကြွေးကျန်ရှိကုမ္ပဏီများနှင့် ဒါရိုက်တာအဖွဲ့ဝင်များစာရင်းအဖြစ်နဲ့ ပေးပို့ပြီးတော့မှ စိစစ်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းလာတဲ့မေးခွန်းများကို ကျွန်တော်တို့အနေနဲ့ ကြိုဆို၊ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီလိုမေးမြန်းလာတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ခွန်အားတစ်ရပ်ဖြစ်ပြီးတော့မှ ကျွန်တော်တို့ နှစ်စဉ်ဘဏ္ဍာရေးနှစ်တိုင်း လျာထားချက်ရှိတဲ့ငွေစင်များကို ရရှိအောင် ကျွန်တော်တို့ လျာထားချက်များအတိုင်း ကြိုးစား၊ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မဲဆွယ်စည်းရုံးစဉ်ကာလများ၌ မည်သည့်ပုံစံ၊ အသုံးအနှုန်း၊ အပြုအမူ၊ ပြောဆိုမှု စသည်များကို မပြုလုပ်ရန် သတ်မှတ်ထားသည်နှင့် သတ်မှတ်ချက်များကို ကျူးလွန်ပါက မည်ကဲ့သို့ အရေးယူမည်ကို ပြည်သူများ ကြိုတင်သိရှိနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ တံတားဦးမဲဆန္ဒနယ်က ခင်သန္တာပါ။ ကျွန်မအနေနဲ့ ဒီမေးခွန်းကိုမေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်သူတွေအနေနဲ့ တည်ဆဲရွေးကောက်ပွဲဆိုင်ရာဥပဒေတွေကို သိရှိပြီးတော့ ရွေးကောက်ပွဲတွေမှာ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိဖို့အတွက် ပြည်သူတွေကိုယ်တိုင် အသုံးချနိုင်ဖို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၅ ခုနှစ် နှောင်းပိုင်းမှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ အခုလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ယူထားသူများ၊ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များလည်းပဲ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်ယဉ်ကျေးမှုစတင်စအချိန်မှာ ပြည်သူအများစုကရော၊ နိုင်ငံရေးပါတီတချို့ကပါ အစိုးရရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို ပါတီတွေက၊ ပါတီဝင်ပုဂ္ဂိုလ်တွေက လုပ်ဆောင်ပေးနေသကဲ့သို့ ရည်ညွှန်းပြောဆိုမှုတွေရှိနေပါသေးတယ်။ တာဝန်ထမ်းဆောင်နေတဲ့သူတွေကိုယ်တိုင်ကလည်းပဲ သူတို့ပိုက်ဆံနဲ့စိုက်ထုတ်လုပ်ဆောင်ပေးနေသလိုမျိုး ပြည်သူတွေကို ပြောဆိုတာကို ကျွန်မကိုယ်တိုင်လည်းပဲ အပြင်မှာကြုံတွေ့ဖူးပါတယ်။ နားလည်တဲ့ပြည်သူတချို့ရဲ့ ဝေဖန်မှုတွေကိုလည်းပဲ ကျွန်မတို့ မကြာခဏကြားရပါတယ်။ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ ပံ့ပိုးပေးထားတဲ့ ကျွန်မတို့ အဆောင်အယောင်တွေ၊ အဲဒီအဆောင်အယောင်တွေကို ပုဂ္ဂလိကကိုယ်ကျိုး မဲဆွယ်စည်းရုံးရာမှာ အသုံးချခွင့်ပြုမယ်ဆိုရင် တရားမျှတမှုရှိ/မရှိ။ ဥပဒေနှင့်ညီ/မညီ။ ကျွန်မတို့နိုင်ငံအတွက် နစ်နာမှုရှိ/မရှိဆိုတာကို အသေအချာစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်မအနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်မ သိချင်တဲ့မေးခွန်းတွေကတော့ (၁) မဲဆွယ်စည်းရုံးစဉ်ကာလမှာ အစိုးရရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားလုပ်၊ ပြည်သူကိုပုံမှားရိုက်ပြီး မဲဆွယ်သည့် မည်သည့်ပုံစံ၊ အသုံးအနှုန်း၊ အပြုအမူ၊ ပြောဆိုမှုစသည်များကို မပြုလုပ်ရန် မည်သို့သတ်မှတ်ထားသည်။ (၂) ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ဆန့်ကျင်ပြုမူကျူးလွန်ကြောင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပြည်သူ

များအနေနဲ့ မည်ကဲ့သို့ တိုက်ရိုက်တင်ပြတိုင်ကြားနိုင်သည်။ (၃) သတ်မှတ်ချက်များကို ကျူးလွန်ပါက မည်ကဲ့သို့ ထိရောက်စွာအရေးယူမည်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူများ ကြိုတင်သိရှိနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာရဲ့မေးခွန်းများကို တစ်ပေါင်းတည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းများကတော့ (၁) မဲဆွယ်စည်းရုံးစဉ်ကာလများမှာ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်၍ ပြည်သူကို ပုံမှားရိုက်ပြီးတော့ မဲဆွယ်တဲ့ မည်သည့်ပုံစံ၊ အသုံးအနှုန်း၊ အပြုအမူ၊ ပြောဆိုမှု စသည်များကို မပြုလုပ်ရန် သတ်မှတ်ထားသည်။ (၂) ပြုမူကျူးလွန်ကြောင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပြည်သူများအနေနဲ့ တိုင်ကြားနိုင်သည်။ (၃) သတ်မှတ်ချက်များကို ကျူးလွန်ပါက ဥပဒေအမိန့်၊ ညွှန်ကြားချက်များဖြင့် မည်ကဲ့သို့ ထိရောက်စွာ အရေးယူမည်ကို တစ်နိုင်ငံလုံးရှိပြည်သူများ ကြိုတင်သိရှိနိုင်ရန် မေးမြန်းခြင်းဖြစ်ပါသည်လို့ ပါရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာရဲ့မေးခွန်းသုံးခုနှင့် စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)မှာ ကျွန်တော်တို့ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနဲ့ ပြစ်ဒဏ်များကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီပြစ်မှုများဟာ မည်သူမဆို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခံရနိုင်တဲ့ပြစ်မှုနဲ့ ပြစ်ဒဏ်များပဲ ဖြစ်ပါတယ်။ ဒေါ်ခင်သန္တာမေးမြန်းတဲ့ အမှတ်စဉ်(၁)မှာပါရှိတဲ့ ပြုမူဆောင်ရွက်ချက်တစ်ရပ်ဟာ အဆိုပါ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)မှာပြဋ္ဌာန်းထားတဲ့ ပြစ်မှုတစ်ရပ်ရပ်နဲ့ အကျုံးဝင်လို့ရှိရင် ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုများဖြစ်တဲ့အတွက် ရဲစခန်းမှာတိုင်ကြားအရေးယူနိုင်ပါတယ်။ အကယ်၍ အဆိုပါပြုမူဆောင်ရွက်ချက်တစ်ရပ်ဟာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားတဲ့ပြစ်မှုများမှာ အကျုံးဝင်တယ်ဆိုရင်လည်း ရဲအရေးယူပိုင်တဲ့ပြစ်မှုဖြစ်ရင် ရဲစခန်းမှာအမှုဖွင့်တိုင်ကြားနိုင်ပြီးတော့၊ ရဲအရေး

မပိုင်တဲ့ပြစ်မှုများဖြစ်ရင် သက်ဆိုင်ရာတရားရုံးများမှာ သက်သေအထောက်အထားခိုင်လုံစွာနဲ့ ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်ပါတယ်။ ဒါ့အပြင် အဲဒီ မေးခွန်းအမှတ်စဉ်(၁)မှာပါရှိတဲ့ ပြုမူဆောင်ရွက်ချက်တစ်ရပ်ဟာ ရွေးကောက်ပွဲဥပဒေအခန်း(၁၄)မှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တရားမဲ့ပြုကျင့်မှုများကို လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦးရဲ့ သဘောတူညီချက်နဲ့ အခြားသူတစ်ဦးဦးကဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရင်လည်း ရွေးကောက်ပွဲဥပဒေအခန်း(၁၅)ပါအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းကန့်ကွက်နိုင်ပါတယ်။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးတဲ့နေရာမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများအရလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)နဲ့ (၁၄)တို့မှာ ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနဲ့ တရားမဲ့ပြုကျင့်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်ခြင်းကို ခံရနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၁-၂၀၁၅ ရက်စွဲပါကြေညာချက်ဖြင့် တစ်နိုင်ငံလုံးရှိပြည်သူများကြိုတင်သိရှိနိုင်ရန် အောက်ပါအတိုင်း အသိပေးကြေညာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ကြေညာချက်အပြည့်အစုံကတော့ (၁) ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းခန့်တွင် ကျင်းပတော့မည်ဖြစ်ရာ ကော်မရှင်ကသတ်မှတ်ထုတ်ပြန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလ မဟုတ်သေးသော်လည်း နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်သည်ကို တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံရေးပါတီအသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်ရှိပြီး ပုဒ်မ ၃၅၄ အရလည်း ဥပဒေနှင့် မဆန့်ကျင်ဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ရှိကြပါသည်။ နိုင်ငံရေးပါတီများဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်တွင်လည်း ရွေးကောက်ပွဲအနိုင်ရရေး ရည်ရွယ်ချက်မှာ အဓိကကျသည်ဖြစ်ရာ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများက စည်းရုံးခွင့်ရှိပါသည်။

(၂) သို့ရာတွင် နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားမှုပြုရာတွင် ဥပဒေနှင့်အညီ မှန်ကန်မျှတမှုရှိစေရေးအတွက် အောက်ပါဥပဒေပြဋ္ဌာန်းချက်များကို သတိပြုလေးစားလိုက်နာကြရန်ဖြစ်

သည်။ (က) နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ပါတီစည်းရုံးရေးကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၇ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါဝန်ခံချက်များကိုလည်းကောင်း၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း လေးစားလိုက်နာကြရန်၊ လေးစားလိုက်နာမှုမရှိပါက ပါတီအချင်းချင်းထိန်းကျောင်းခြင်းနှင့် ကော်မရှင်သို့ တင်ပြတိုင်တန်းခြင်းတို့ ပြုလုပ်ကြရန်၊ (ခ) နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရွေးကောက်ပွဲကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင် ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး လိုက်နာစောင့်ထိန်းရန်၊ (ပြစ်မှု/ပြစ်ဒဏ်များကို ချိုးဖောက်မှုရှိပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ အရ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုဖွင့်တိုင်ကြားရန်၊ (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းသွင်းစိစစ်အတည်ပြုပြီးနောက် မဲဆွယ်စည်းရုံးမှုကာလအတွင်း ဥပဒေဖောက်ဖျက်ကျူးလွန်မှုများ ရှိလျှင်လည်း အထက်အပိုဒ်(က)(ခ)တို့ပါအတိုင်း တိုင်ကြားနိုင်သည့်အပြင် တရားမဲ့ပြုကျင့်မှုများကိုမူ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၅)ပါအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ခွင့် ရှိပါသည်။

(၃) လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ ပြည်သူများနှင့် ပါဝင်သက်ဆိုင်သူ Stakeholders များ၊ မီဒီယာများအားလုံးတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်ဟု ကျွန်တော်တို့ ထုတ်ပြန်ကြေညာပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မဲဆွယ်စည်းရုံးမှုပြုလုပ်တဲ့အခါမှာ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ရွေးကောက်ပွဲဥပဒေများနဲ့အညီ လိုက်နာဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မထပ်ဆင့်မေးခွန်းလေး မေးပါရစေ။ ကျွန်မတို့သိရသလောက် ဝန်ကြီးတစ်ဦးတည်းရဲ့ ခရီးစဉ်ပဲဖြစ်နေပါစေ၊ အနောက်ကနေပြီးတော့ ကျွန်မတို့အနည်းဆုံး ကားခုနစ်စီးနဲ့ ၁၀ စီးကြားမှာပဲ သွားလာနေတာကို ကျွန်မတို့တတွေ သိရပါတယ်။ ပေးထားတဲ့အဆောင်အယောင်တွေအပြင် ဌာနဆိုင်ရာရဲ့ကားတွေလည်းပဲ အများအပြားလိုက်ပါကြပါတယ်။ အဲဒီတော့ ကျွန်မသိချင်တာက အဲဒီမဲဆွယ်စည်းရုံးစဉ်ကာလမှာ အဆောင်

အယောင်တွေကိုလည်းပဲ ကျွန်မတို့က ဥပဒေအရ သုံးခွင့်ရှိမယ်။ အဲဒါအပြင် ဝန်ထမ်းများတာဝန်ထမ်းဆောင်ဖို့အတွက် ပေးထားတဲ့ကားတွေကိုရော၊ တစ်နည်းအားဖြင့်ပြောရင် နိုင်ငံတော်ကနေပြီးတော့မှ တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ဖို့အတွက် ဌာနဆိုင်ရာများရဲ့ကားတွေကိုရော အသုံးပြုခွင့်ရှိ/မရှိ၊ လိုက်ပါခွင့်ရှိ/မရှိသိချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထပ်ဆင့်မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဟာ ကျွန်တော်တို့ လက်ရှိနိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်များပဲဖြစ်ဖြစ်၊ ပါတီကိုယ်စားပြုယှဉ်ပြိုင်တဲ့ပုဂ္ဂိုလ်များပဲဖြစ်ဖြစ်၊ တစ်သီးပုဂ္ဂလယှဉ်ပြိုင်တဲ့ပုဂ္ဂိုလ်များပဲဖြစ်ဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ ပါ အရည်အချင်းများနဲ့ ကိုက်ညီရပါတယ်။ ပုဒ်မ ၁၂၁ မှာဖော်ပြထားသော လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ခံခွင့်မရှိတဲ့ အရည်အချင်းများနဲ့ ငြိစွန်းလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ မှာဖော်ပြထားသလို ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ မှာလည်း ဖော်ပြထားပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်ရဲ့ အရည်အချင်းသတ်မှတ်ချက်များမှာ ခုနကပြောတဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လို့ရှိရင် နိုင်ငံ့ဝန်ထမ်းက အငြိမ်းစားယူနုတ်ထွက်ရတာဖြစ်သလို တစ်ဖက်က နိုင်ငံပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူမဟုတ်ရပါဘူး။ ဒီနေရာမှာတော့ ခြွင်းချက်ရှိပါတယ်။ ခြွင်းချက်နဲ့ပတ်သက်လို့တော့ နိုင်ငံပိုင်ငွေကြေးဟူသောစကားရပ်မှာ အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ချီးမြှင့်ထောက်ပံ့ထားသောလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်ဘူးဖြစ်ပါတယ်။ နောက်ခြွင်းချက်(၂) ကတော့ နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်မှာ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံနဲ့ အခန်း၊ အခြားအဆောက်အအုံနဲ့ အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့ မပါဝင်ဘူးလို့ ခြွင်းချက်ပြုထားပါတယ်။ ဒါတွေကတော့ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ခံပိုင်ခွင့်မရှိတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စား

လှယ်တစ်ဦးဟာ ခုနက ကျွန်တော်တင်ပြတဲ့ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)မှာပါရှိတဲ့ မဲဆွယ်စည်းရုံးတဲ့ ကာလအတွင်းမှာ ဆောင်ရွက်တဲ့ပုဒ်မ ၅၇။ ကျွန်တော်အချိန်ကို ငဲ့ညှာသောအားဖြင့် အသေးစိတ်မတင်ပြတော့ပါဘူး။ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) အစရှိတဲ့ကိစ္စတွေမှာလည်း လာဘ်ပေးလာဘ်ယူတဲ့၊ ခြိမ်းခြောက်တဲ့၊ သွေးဆောင်တဲ့၊ အခွင့်အာဏာကိုသုံးပြီးတော့ မလျော်ဩဇာသုံးတဲ့ကိစ္စတွေဆိုလို့ရှိရင် ပြစ်မှုမြောက်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ပါရှိပါတယ်။ အလားတူ တရားမဲ့ပြုကျင့်မှုများမှာလည်း ပုဒ်မ ၆၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲငယ်(၂)နဲ့ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ည) တို့မှာ မလျော်ဩဇာများသုံးစွဲပြီးတော့ လာဘ်ပေးလာဘ်ယူမှုများ၊ ဝန်ထမ်းရဲ့အကူအညီကို ရယူပြီးတော့ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်ခဲ့လို့ရှိရင် ရွေးကောက်ခံရပြီးသည့်တိုင်အောင် ကန့်ကွက်လွှာတင်သွင်းလို့ ပြစ်မှုထင်ရှားပေါ်ပေါက်ရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ပယ်ဖျက်ခံရနိုင်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မဲဆွယ်စည်းရုံးခွင့်ပြုသည့်ကာလတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် လာမည့်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူများသည် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန်လို/မလိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၄) အပိုဒ် ၅ မှာ မဲဆွယ်စည်းရုံးရေးကာလအတွက် ကြိုတင်ပြီးတော့ ၁၅ ရက်အတွင်းမှာ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာပြီးတဲ့နောက် ၁၅ ရက်အတွင်းမှာ ရွေးကောက်ပွဲအစီအစဉ်ကို၊ မဲဆွယ်စည်းရုံးရေးအစီအစဉ်ကို ကြိုတင်ပြီးတော့လျှောက်ထားရမယ်လို့ပါရှိပါတယ်။ ထို့အတူပဲ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)မှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ စည်းရုံးဟောပြောတဲ့အခါမှာ အဆောက်အဦတို့၊ စာသင်ကျောင်း၊ နောက်ပြီးတော့ ဘုန်းကြီးကျောင်း၊ ဈေး၊ အလုပ်ဌာန အဲ့ဒီလိုနေရာတွေမှာ မဲဆွယ်စည်းရုံးခွင့်မပြုရဘူးဆိုတဲ့ ကန့်သတ်ချက်တွေပါရှိပါတယ်။ ခွင့်ပြုမိန့်ကိုလည်းပဲ ကော်မရှင်က ၇၂ နာရီ၊ တစ်နည်းအားဖြင့် ၃ ရက်အတွင်းမှာ ကြိုတင်ထုတ်ပေးရမယ်။ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တွေကိုလည်း ပြင်ဆင်နိုင်တယ်။ ခွင့်ပြုမိန့်ကိုလည်း ရုပ်သိမ်းနိုင်တယ်ဆိုပြီးတော့ပါရှိ

ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒါ Campaign ကာလမှာ ပြဋ္ဌာန်းထားချက်တွေဖြစ်ပါတယ်။ ဒါပေမယ့် လောလောဆယ် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လူထုနဲ့တွေ့ဆုံတဲ့ နေရာမှာ (၁/၂၀၁၄)နဲ့ ကင်းလွတ်ခွင့်ရှိတယ်လို့ယူဆပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ လက်တွေ့ နယ်ပယ်မှာ လူထုနှင့်တွေ့တဲ့အခါမှာ နေရာကန့်သတ်ချက်၊ အချိန်ကန့်သတ်ချက်တွေကို ကျွန်တော်တို့ မထားနိုင်ဘဲ အချိန်နှင့်တစ်ပြေးညီ လိုရင်လိုသလိုတွေ့ရတဲ့အတွက်နဲ့ ကျွန်တော်တို့က အဲဒီအတိုင်း မလုပ်ခဲ့ကြပါဘူး။ ပြီးတော့လည်း အဲဒီအတိုင်းလုပ်ရမယ်၊ ဒီစည်းကမ်းချက်တွေအတိုင်း လိုက်နာရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေ၊ အမိန့်တွေ၊ ဥပဒေတွေလည်းမရှိပါဘူး။ အဲဒီလိုလုပ်လို့လည်းမဖြစ်နိုင်ပါဘူး။

လာမယ့်ရွေးကောက်ပွဲကာလမှာဆိုရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အဲဒီအခွင့်အရေးရမလား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လူထုနဲ့တွေ့တဲ့အခါမှာ၊ တွေ့ဆုံရှင်းလင်းပွဲတွေကိုလုပ်တဲ့အခါမှာ ဒီ(၁/၂၀၁၄)နှင့်အညီပဲ လုပ်ရမလား။ ဒါမှမဟုတ် ဒီအတိုင်းပဲ လူထုနှင့်တွေ့ဆုံတဲ့အခွင့်အရေးကို (၁/၂၀၁၄)နှင့်အညီမဟုတ်ဘဲ ဆက်လက်ပြီးတော့ ရနိုင်ခွင့်ရှိသလား။ တစ်ဖက်မှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ရွေးကောက်ပွဲဝင်လွှတ်တော်ကိုယ်စားလှယ်လောင်းတွေလည်း ဖြစ်နေနိုင်ပါတယ်။ အဲ့ဒီအချိန်အခါမျိုးမှာကော ကျွန်တော်တို့ ဒီအခွင့်အရေးကိုမရတော့ဘူးလားဆိုတဲ့ ကျွန်တော်တို့နှင့် လက်တွေ့နယ်ပယ်မှာ ကျွန်တော်တို့ ကြုံရမယ့်အခက်အခဲလေးတွေရှိလို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)အနေနဲ့က မဲဆွယ်စည်းရုံးခွင့်ကာလတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်ပါက လူထုနှင့်တွေ့ဆုံရှင်းလင်းပွဲများကိုပြုလုပ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့် စည်းကမ်းများကို လိုက်နာရန်လို/မလို။ မေးခွန်း(၂)ကတော့ လက်ရှိလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ လာမည့်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူလည်းဖြစ်ပါက အထက်ပါရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် လို/မလိုသိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့မေးခွန်းများကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းများကတော့ မဲဆွယ်စည်းရုံးခွင့်ပြုတဲ့ကာလမှာ လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်ပါက လူထုတွေ့ဆုံရှင်းလင်းပွဲများကိုပြုလုပ်ရာတွင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်စည်းကမ်းများအား လိုက်နာရန်လို/မလိုနှင့် လက်ရှိလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ လာမယ့်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူလည်းဖြစ်ပါက အထက်ပါရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန်လို/မလိုဆိုတဲ့မေးခွန်းများပဲဖြစ်ပါတယ်။ ဒီမေးခွန်းများနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းခန့်မှာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ အခုအချိန်ကာလဟာဆိုလို့ရှိရင် ကော်မရှင်က သတ်မှတ်ထုတ်ပြန်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးတဲ့ကာလမဟုတ်သေးဘူးဖြစ်ပါတယ်။ အဲဒီလိုမဲဆွယ်စည်းရုံးတဲ့ကာလမဟုတ်သေးသော်လည်းပဲ နိုင်ငံရေးပါတီများအနေနဲ့ ခုနက မေးခွန်းမှာ ကျွန်တော်ဖြေကြားခဲ့သလိုပဲ ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နေကြပါတယ်။ ဆောင်ရွက်ခွင့်လည်း ရှိပါတယ်။

မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားလိုတာကတော့ လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လာမယ့်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းမသွင်းဘဲ၊ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်ပါက လူထုတွေ့ဆုံဆွေးနွေးပွဲများ၊ ရှင်းလင်းပွဲများ ပြုလုပ်ရာမှာ သက်ဆိုင်ရာလွှတ်တော်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ သို့ရာတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လည်း အမည်စာရင်းတင်သွင်းပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပြီးပါက မဲဆွယ်စည်းရုံးမှုကာလအတွင်း ဆောင်ရွက်ချက်တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်စည်းကမ်းများ

ကို လိုက်နာကြရပါမယ်။ ဒါ့အပြင် ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း (၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေးလည်း လိုက်နာစောင့်ထိန်းရန် လိုအပ်ပါတယ်။ ဒါနဲ့ဆက်နွယ်ပြီးတော့ ကျွန်တော်တင်ပြချင်တာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ရှိထုတ်ပြန်ထားသော စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးတဲ့ညွှန်ကြားချက်အမှတ်(၁/၂၀၁၄) ဟာ ထုတ်ပြန်ထားတာမှန်ပါတယ်။ သို့သော်လည်း ဒီညွှန်ကြားချက်ဟာ ၂၀၁၄ ခုနှစ်၊ ကြားဖြတ်ရွေး ကောက်ပွဲအမီ ထုတ်ပြန်ခဲ့တာဖြစ်ပြီးတော့ ဒီနောက်ပိုင်းမှာ နိုင်ငံရေးပါတီအသီးသီးနှင့် ရွေးကောက်ပွဲ ကော်မရှင်တို့ ဆွေးနွေးချက်အရ ဒီညွှန်ကြားချက်ကို ပြန်လည်ပြင်ဆင်သွားဖို့ အစီအစဉ်တွေရှိပါတယ်။

သို့သော်လည်းပဲ ရွေးကောက်ပွဲ Campaign(Election Campaign)ကာလ မရောက်သေး တဲ့၊ ဝေးနေသေးတဲ့အချိန်ကတစ်ကြောင်း၊ ခုနက ကျွန်တော်ပြောသလို လွှတ်တော်ကိုယ်စားလှယ် လောင်းများ မဲဆွယ်စည်းရုံးမှုအချိန်ကာလ မရောက်သေးတာရယ်၊ နိုင်ငံရေးပါတီအသီးသီးကလည်းပဲ ပါတီအချင်းချင်းသဘောတူညီစွာနဲ့ ရေးဆွဲထုတ်ပြန်မယ့် Code of Conduct လို ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းမျိုးတွေထုတ်ပြန်ဖို့ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်တဲ့အတွက် ကျွန်တော်တို့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၄)ဟာတော့ ပြန်ပြီးတော့ ပြင်ဆင်သတ်မှတ်ဆောင်ရွက်မယ့် အခြေအနေ ရှိပါကြောင်း တစ်ဆက်တည်းထည့်သွင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးပါမယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးလိုပါတယ်။ ကျွန်တော့်အနေနဲ့ (၁/၂၀၁၄)ဟာ လက်ရှိတည်ဆဲညွှန်ကြားချက်ဖြစ်ပါတယ်။ ဒီအပေါ်မှာပဲအခြေခံပြီးတော့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကော်မရှင်ကဖြေသွားတဲ့အထဲမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာ Election Campaign ကာလမှာ ဆက်ပြီးအရွေးမခံဘူး ဆိုရင် ဒီအခွင့်အရေးအတိုင်း လွှတ်တော်ရဲ့စည်းမျဉ်းစည်းကမ်းအတိုင်းပဲ လုပ်နိုင်တယ်ဆိုတဲ့အဖြေကို ကြားရပါတယ်။ အဲဒါကိုတော့ ကျွန်တော့်အနေနဲ့ရှင်းပါတယ်။ ဒါပေမယ့် လွှတ်တော်ကိုယ်စားလှယ် လောင်းလည်းဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်နေသေးတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ဒီအခွင့်အရေး ကိုမရဘူးဆိုရင် တစ်နည်းအားဖြင့် ဒါဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လူထုကို တာဝန်မကျေပွန်ရာရောက်ပါတယ်။ လူထုဆွေးနွေးပွဲတွေ၊ လူထုရှင်းလင်းပွဲတွေကို ကျွန်တော်တို့ အချိန်နှင့်တစ်ပြေးညီလုပ်နိုင်ရမှာဖြစ်ပါတယ်။ ဒါလွှတ်တော်ရဲ့ စည်းကမ်းစည်းမျဉ်းအတိုင်းလည်း

ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းလည်းဖြစ်တဲ့လူတွေမှာ ဒီအခွင့်အရေးဟာ လုံးဝမရှိတော့ဘူးလား။ ဒါဆိုရင် ဥပဒေနှင့်ညီရဲ့လား။ လွှတ်တော်ကပြဋ္ဌာန်းထားတဲ့ စည်းကမ်းစည်းမျဉ်းနဲ့ညီရဲ့လား။ ပြည်သူအပေါ်မှာ တာဝန်ကျေပွန်ရဲ့လား။ အဲဒါကို ထပ်ဆင့် ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်းပြောကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ Stand လုပ်တဲ့ပုဂ္ဂိုလ်များကတော့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိရဲ့မဲဆန္ဒနယ်ပြည်သူ့အကျိုးဆောင်ရွက်ကြရတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းသွင်းပြီးတော့ Election Campaign ရည်ရွယ်ချက်ကိုက ရွေးကောက်ပွဲအောင်နိုင်ရေးအလို့ငှာ မဲဆွယ်စည်းရုံးတဲ့ကိစ္စများမှာတော့ သတ်မှတ်ထားတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပြန်ကြီးကြပ်ဆောင်ရွက်ရတဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ အခုပြင်ဆင်ရမယ်ဆိုတဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) မှာပါရှိတဲ့ လျှောက်ထားခွင့်ပြုချက်ရယူတဲ့ကိစ္စတွေမှအပ လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်းစည်းကမ်းတွေကို လေ့လာကြည့်လို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဖြတ်သန်းခဲ့ပြီးသားဖြစ်တဲ့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ထုတ်ပြန်ခဲ့တဲ့ နဝတအမိန့်(၃/၉၀)၊ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်အမှတ်(၉၁/၂၀၁၀)၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း ညွှန်ကြားချက်အမှတ်(၉၁/၂၀၁၀)နဲ့ ဆောင်ရွက်ခဲ့ပြီးတော့ (၁/၂၀၁၄)ဟာ အဲဒီညွှန်ကြားချက်များနဲ့အညီပဲ ခုနက ကျွန်တော်ပြောတဲ့ ခွင့်ပြုချက်လျှောက်ထားတဲ့ကိစ္စတွေကလွဲပြီးတော့ ကျန်တဲ့စည်းမျဉ်းစည်းကမ်းများဟာ အတူတူပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်၊ ဒီစည်းမျဉ်းစည်းကမ်းများဟာလည်းပဲ ရွေးကောက်ပွဲဥပဒေနဲ့ တည်ဆဲဥပဒေများထဲကအချက်အလက်များကိုသာ ထုတ်နုတ်ရေးဆွဲပြီးတော့ ညွှန်ကြားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားတဲ့ညွှန်ကြားချက်ကို ဖောက်ဖျက်ကျူးလွန်လို့ရှိရင် နောက်ဆုံးအပိုဒ်မှာလည်း တွေ့ရမှာဖြစ်ပါတယ်။ ဖောက်ဖျက်ကျူးလွန်လို့ရှိရင် ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်က အရေး

ယူဆောင်ရွက်နိုင်တာမရှိပါဘူး။ ဒီတည်ဆဲဥပဒေများကို ချိုးဖောက်ရင် သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများက အရေးယူဆောင်ရွက်ရတာဖြစ်ပြီးတော့ ရွေးကောက်ပွဲကန့်ကွက်လွှာများတင်သွင်းလာရင်သာ တရားမဲ့ပြုကျင့်မှုနှင့်အကျုံးဝင်ခြင်းရှိ/မရှိ အများပြည်သူရှေ့မှောက်မှာ မြင်သာအောင်စစ်ဆေးစီရင်ပြီးတော့ ဆုံးဖြတ်ပေးရတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားလိုတာကတော့ ရွေးကောက်ပွဲအောင်နိုင်ရေးအလို့ငှာ မဲဆွယ်စည်းရုံးမယ်ဆိုရင်တော့ တည်ဆဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရန်လိုအပ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကိုမိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

အချိန်၊ ၁၁း၀၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၁း၃၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်

က ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဦးတီခွန်မြတ်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ဖြစ်သော ၂၀-၁-၂၀၁၅ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းရဲ့ရည်ရွယ်ချက်များ၊ အကျိုးအကြောင်းဖော်ပြချက်များနှင့်တကွ လွှတ်တော်သို့တင်သွင်းခဲ့ပါတယ်။ အဆိုပါ ၂၀-၁-၂၀၁၅ ရက်နေ့မှာပဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ဤဥပဒေကြမ်းကို လွှဲအပ်ခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)နှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်၌ ဆက်လက်ဆွေးနွေးဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်က လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကိုဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ အစီရင်ခံဖို့ရှိပါတယ်ခင်ဗျား။ အစီရင်ခံဖို့ခွင့်ပြုမယ်ဆိုရင် အခု ကျွန်တော် ဒါတင်ပြချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ခုနက ခေတ္တနားချိန်မှာ ခွင့်ပြုတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အခု လောလောဆယ် ကျွန်တော်တင်ပြထားတဲ့ ဥပဒေကြမ်းကော်မတီရှင်းလင်းတင်ပြပြီးမှ ဦးစိုးဝင်း တင်ပြဖို့ ကျွန်တော်ခွင့်ပြုမှာဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်နန်းဝါနုက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ဥပဒေ ဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်ရှင်။

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် ကတင်သွင်းတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၂၀-၁-၂၀၁၅ ရက်နေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို အောက်ပါရည်ရွယ်ချက်များနှင့် ရေးဆွဲ ထားကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူ ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကိုခံစား ခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ခုခံချေပခွင့်ရရှိစေရန်၊

(ဂ) ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန်၊

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ပြည်သူများက နားလည် လိုက်နာကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(င) မှုခင်းဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

**မူကြမ်း**

( စ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် မှန်ကန်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ထိရောက်စွာ ကျင့်သုံးခြင်းဖြင့် စုံစမ်းစစ်ဆေးရေးကာလအတွင်း ရဲအချုပ်နှင့်အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလကို လျှော့ချစေရန်၊ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(ဆ) တရားရုံးများ၌ တရားခံများဖြင့် ကြပ်သိပ်နေမှုကို လျှော့ချပြီး အမှုအား မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်စေရန်၊

( ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းသည် ပြည်သူကို အခြေပြုသည့်စနစ်ဖြစ်သဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဈ) ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ်(၆၇/၁၈၇)ဖြင့် ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့် ညီညွတ်မှု ရှိစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၂-၂၀၁၅ ရက်နေ့၊ ၁၁-၂-၂၀၁၅ ရက်နေ့နှင့် ၂၁-၂-၂၀၁၅ ရက်နေ့တို့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ UNODC နဲ့ ပျိုးပင်စတဲ့ အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း အကြိမ်အကြိမ် အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမယ့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

( ၁) ဤဥပဒေကြမ်းတွင် အခန်း(၁၀)ခန်းနှင့် အပိုဒ်ပေါင်း ၃၉ ပိုဒ် ပါရှိပါတယ်။ စကားရပ်ပြင်ဆင်ခြင်းက ၆၈ ချက်၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်ပြင်ဆင်ခြင်းက ၂၀ ချက်၊ ပြဋ္ဌာန်းချက်ပယ်ဖျက်ခြင်းက ၉ ချက်၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်ဖြည့်စွက်ခြင်းက ၂၁ ချက်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းပါပြင်ဆင်ချက်များကို ဝေငှထားပြီးဖြစ်တဲ့အပြင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံ

တကာအဖွဲ့အစည်းများဖြစ်တဲ့ UNODC နဲ့ ပျိုးပင်စတဲ့ အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းထားပြီး အစီရင်ခံစာကို ဝေငှထားပြီးပြီဖြစ်တဲ့အတွက်ကြောင့် အသစ်ဖြည့်စွက်ချက်များကိုသာ ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ရှင်။

အသစ်ဖြည့်စွက်ချက်များမှာ အပိုဒ် ၅ အပိုဒ်ခွဲ (ဇ) အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးချုပ် ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါတယ်။ အခန်း(၈) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ သက်တမ်း၊ အစားထိုးခန့်ထားခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဟုအသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၁၅ အပိုဒ်ခွဲ (င) အဖြစ် ဥပဒေအရသတ်မှတ်သော ဆေးဘုတ်အဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချွတ်ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်းဟုအသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၁၅ အပိုဒ်ခွဲ(စ)အဖြစ် ကွယ်လွန်ခြင်းဟု အသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးအဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါတယ်။ အခန်း(၅)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဇ) အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) အဖြစ် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ပညာပေးမှုများကို ပြည်သူများအတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဟု အသစ်ဖြည့်စွက်ပါတယ်။ အခန်း (၉)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါတယ်-

အခန်း(၉)

ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခြင်း

၂၁။ နိုင်ငံတော်အတွင်းနေထိုင်သော ကလေးသူငယ်နှင့် မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန်အတွက် သတ်မှတ်ပုံစံများဖြင့် သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

**မူကြမ်း**

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရန်အတွက် တင်ပြချက်ကို လက်ခံရရှိသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တင်ပြတောင်းခံခြင်းကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီစိစစ်၍ ဥပဒေဆိုင်ရာအထောက်အကူပေးနိုင်သည် သို့မဟုတ် အထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၂၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုခဲ့ပါက တစ်ဆင့်မြင့် ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များထံ အဆင့်ဆင့်တင်ပြတောင်းခံနိုင်သည်။

၂၄။ ပုဒ်မ ၂၁ တွင် အကျုံးဝင်သူများသည် အောက်ဖော်ပြပါပြစ်မှုများ၌ ဥပဒေ ဆိုင်ရာအထောက်အကူရရှိရန် တင်ပြတောင်းခံနိုင်သည် -

(က) သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ထောင်ဒဏ် တစ်သက်ချမှတ်နိုင်သည့်ပြစ်မှုများ၊

(ခ) ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများ၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဤဥပဒေအရ ထုတ်ပြန်ထားသည့် ပြစ်မှုများ။

အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)အဖြစ် မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ၊ ခြေဟန်လက်ဟန် ကိုနားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ နှင့် အပိုဒ် ၃၅ တို့အဖြစ် အောက်ပါအတိုင်း အသစ်အဖြည့်စွက်ပါတယ်-

၃၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက် အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီအဆင့်တွင် ရှေ့နေမဟုတ်သော ဥပဒေ ဆိုင်ရာအထောက်အကူပေးသူ တစ်ဦးကိုလည်းကောင်း၊ တရားစွဲတင်ပြီးနောက်အဆင့် တွင် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင်ဖြစ်စေ၊ ဥပဒေဆိုင်ရာအထောက် အကူပေးရေးရှေ့နေတစ်ဦးကိုလည်းကောင်း၊ စွပ်စွဲခံရသူအား အထောက်အကူပေးရန် တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူအများဖြစ်၍ လိုအပ်လျှင် ရှေ့နေတစ်ဦးထက် ပို၍ခန့်အပ်တာဝန်ပေးနိုင်သည်။

၃၃။ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ မှတ်ပုံတင်လက်မှတ် ရရှိထားသူများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေအဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြလျှောက်ထားနိုင်သည်။ ရှေ့နေအဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသူသည် ဤဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃၄။ အောက်ပါပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ်ခန့်အပ်ရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်သည် -

(က) တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ မှတ်ပုံတင်လက်မှတ်မရှိသေးသည့် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဥပဒေဘွဲ့ရရှိသူ၊

(ခ) ဥပဒေဘွဲ့ မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများတွင် အတွေ့အကြုံရှိသူ။

၃၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် ခန့်အပ်ခြင်းခံရသူသည် ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော ဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

အခန်း(၁၀)ခေါင်းစဉ်အဖြစ် ရန်ပုံငွေတောင်းခံခြင်းနှင့် သုံးစွဲခြင်းဟု အသစ်ဖြည့်စွက်ပါတယ်။ အပိုဒ် ၃၆ နှင့် အပိုဒ် ၃၉ တို့အဖြစ် အောက်ပါအတိုင်း အသီးသီးအသစ်ဖြည့်စွက်ပါတယ်-

၃၆။ ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြရမည်။

၃၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ရှေ့နေနှင့် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူတို့အတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

အပိုဒ် ၄၅ အဖြစ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က ဤဥပဒေအရ လိုအပ်သော အကူအညီများ တောင်းခံလာလျှင် အကူအညီပေးရမည်ဟု အသစ်ဖြည့်စွက်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်ရှင်။

[ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအပြည့်အစုံအား ဖော်ပြအပ်ပါသည်။]

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်က တင်သွင်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သည့် ၂၁-၁-၂၀၁၅ ရက်နေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို အောက်ပါရည်ရွယ်ချက်များနှင့် ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကိုခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ခုခံချေပခွင့်ရရှိစေရန်၊

(ဂ) ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန်၊

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(င) မှုခင်းဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(စ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် မှန်ကန်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ထိရောက်စွာ ကျင့်သုံးခြင်းဖြင့် စုံစမ်းစစ်ဆေးရေး ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလကို လျော့ချစေရန်၊ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(ဆ) တရားရုံးများ၌ တရားခံများဖြင့် ကျပ်သိပ်နေမှုကို လျော့ချပြီး အမှုအား မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်စေရန်၊

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းသည် ပြည်သူကို အခြေပြုသည့် စနစ်ဖြစ်သဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဈ) ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၆၇/၁၈၇ ဖြင့် ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့် ညီညွတ်မှု ရှိစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၂-၂၀၁၅ ရက်နေ့၊ ၁၁-၂-၂၀၁၅ ရက်နေ့နှင့် ၂၁-၂-၂၀၁၅ ရက်နေ့တို့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

## မူကြမ်း

( ၁) ဤဥပဒေကြမ်းတွင် အခန်း(၁၀)ခန်းနှင့် အပိုဒ်ပေါင်း ၃၉ ပိုဒ် ပါရှိပါသည်။

( ၂) ဥပဒေခေါင်းစီးရှိ ၂၀၁၄ ခုနှစ် စကားရပ်များကို ၂၀၁၅ ခုနှစ်ဟု ပြင်ဆင်ပါသည်။

( ၃) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဆိုသည်မှာ ပြစ်မှုများတွင် ဤဥပဒေအရ ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန် ကလေးသူငယ်၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများကို တရားစွဲမတင်မီသော်လည်းကောင်း၊ အမှုရင်ဆိုင်စဉ်တွင်သော်လည်းကောင်း၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင်သော်လည်းကောင်း ရှေ့နေငှားရမ်းပေးခြင်းနှင့် အခြားဥပဒေဆိုင်ရာ အကူအညီပေးခြင်းကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၄) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဆိုသည်မှာ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ ပံ့ပိုးမှုပေးရန် ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့တို့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေဆိုသည်မှာ ဥပဒေဆိုင်ရာ အကူအညီပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သော ရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြုသည့် ရှေ့နေကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၆) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူ ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ခန့်အပ်ထားသူ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြုသော အခမဲ့ဥပဒေအကြံပေးခြင်းနှင့် ပညာပေးခြင်း ဆောင်ရွက်ပေးသူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၇) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ ခုခံချေပရန် စကားရပ်ကို ဆောင်ရွက်ရန်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( ၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အသိအမှတ်ပြုအဖွဲ့အစည်းဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၉) အခန်း(၂)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ကို ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိစေရန်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ရှိ ပြည်သူများက နားလည်လိုက်နာစကားရပ်ကို ပြည်သူများ သိရှိနားလည်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၃ အပိုဒ်ခွဲ(င)ရှိ မှုခင်းဆိုင်ရာ စကားရပ်ကို ပြစ်မှုဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ကို ပြစ်မှုများစုံထောက်မှုပြုစဉ်နှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ် ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလလျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ကို အမှုများကို မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်ဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)ကို မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)ရှိ တရားစီရင်ရေးစနစ်များတွင် စကားရပ်ကို တရားစီရင်ရေးတွင်ဟု ပြင်ဆင်ပါသည်။

(၁၆) အခန်း(၃)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ပါသည်။

(၁၇) အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲအား သံသယဖြင့် စွပ်စွဲခံရသူများ၊ ပြစ်မှုဖြင့် တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၄ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ထိခိုက်နစ်နာမှုများစကားရပ်ကို နစ်နာသူများဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၉) အပိုဒ် ၄ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ပြစ်မှုမှ သက်သေများ စကားရပ်ကို ပြစ်မှုနှင့်သက်ဆိုင်သော သက်သေများဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ နိုင်ငံသားမဟုတ်သူ စကားရပ်ကို နိုင်ငံသားဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ အထောက် အကူပေးခြင်းကို လျင်မြန်စွာပေးရေးစကားရပ်ကို အထောက်အကူပေးရေးဟု ပြင်ဆင် ပါသည်။

(၂၂) အခန်း (၄) ခေါင်းစဉ်ရှိ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ စကားရပ်ကို ပြည်ထောင်စုအဆင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဟု ပြင်ဆင်သဖြင့်၊ ဤဥပဒေတွင်ပါရှိသော ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ စကားရပ်များကို ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၃) အခန်း(၄)၊ အပိုဒ် ၅ ရှိရယူ၍ အဖွဲ့ဝင် ၁၃ ဦး စကားရပ်မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက် ပါသည်။

(၂၄) အပိုဒ် ၅ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)တို့ရှိ ကိုယ်စားလှယ်စကားရပ်တို့ကို ညွှန်ကြားရေးမှူးချုပ် ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်ဟု အသီးသီး ပြင်ဆင် ပါသည်။

(၂၅) အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကရွေးချယ်တာဝန်ပေးအပ်သည့်ညွှန်ကြားရေးမှူးချုပ် ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၆) အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ တက္ကသိုလ်တစ်ခုခု စကားရပ်ကို လက်အောက်ရှိ တက္ကသိုလ် တစ်ခုခုဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၅ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ (ဍ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ကိုယ်စားလှယ် နှစ်ဦး စကားရပ်ကို ကိုယ်စားလှယ် သုံးဦးဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၈) အပိုဒ် ၅ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ စကားရပ်ကို တရားလွှတ်တော်ရှေ့နေများကောင်စီဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော မြန်မာနိုင်ငံရှေ့နေများကောင်စီစကားရပ်တို့ကို တရားလွှတ်တော် ရှေ့နေများကောင်စီဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၉) အခန်း(၈) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ သက်တမ်း၊ အစားထိုးခန့်ထားခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဟုအသစ် ဖြည့်စွက်ပါသည်။

(၃၀) အပိုဒ် ၆ နှင့် အပိုဒ် ၇ တို့ရှိ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ စကားရပ် ကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ဟု ပြင်ဆင်ပြီး အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ အဖြစ် အသီးသီး ပြောင်းလဲပြင်ဆင်ပြီး၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ဟု ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ရာထူးမှစကားရပ်ကို မိမိသဘောအလျောက် ရာထူးမှဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၅။ ( ဂ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များထဲမှ အနည်းဆုံး သုံးပုံနှစ်ပုံက အဖွဲ့ဝင်တစ်ဦးကို ဆက်လက်တာဝန်ပေးအပ်ရန် မသင့် လျော်ကြောင်း အကြောင်းပြချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် အောက်ပါ အဆင့်များအလိုက် ဆောင်ရွက်ရမည် -

(၁) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တွင် ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ တင်ပြလာ သဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲ ရန်ဆုံးဖြတ်ခြင်း၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့် သို့မဟုတ် ခရိုင်အဆင့်နှင့် မြို့နယ် အဆင့်တို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရား သူကြီးချုပ်ထံသို့တင်ပြလာသဖြင့် သက်ဆိုင်ရာတရားလွှတ်တော် တရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

**မူကြမ်း**

(၃၂) အပိုဒ် ၁၅ အပိုဒ်ခွဲ(င)အဖြစ် ဥပဒေအရ သတ်မှတ်သော ဆေးဘုတ်အဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချွတ်ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၃၃) အပိုဒ် ၁၅ အပိုဒ်ခွဲ(စ)အဖြစ် ကွယ်လွန်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၃၄) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တွင် အဖွဲ့ဝင် နေရာလစ်လပ်ပါက -

(က) ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက ပြည်ထောင်စုတရားသူကြီးချုပ်သည် လစ်လပ်သည့် အဖွဲ့ဝင်နှင့် သက်ဆိုင်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများ၏ တင်ပြချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ အဖွဲ့ဝင်သစ်ကို ခန့်အပ်နိုင်ပြီး ထိုသူသည် လစ်လပ်သည့်နေရာအတွက် ကျန်ရှိသော သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက ပြည်ထောင်စု တရားသူကြီးချုပ်သည် လစ်လပ်သည့် အဖွဲ့ဝင်နှင့် သက်ဆိုင်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများ၏ တင်ပြချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ အဖွဲ့ဝင်သစ်ကို ခန့်အပ်နိုင်ပြီး ထိုသူသည် လစ်လပ်သည့် နေရာအတွက် ကျန်ရှိသော သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် သို့မဟုတ် ခရိုင်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် လစ်လပ်သည့် အဖွဲ့ဝင်နှင့် သက်ဆိုင်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများ၏ တင်ပြချက်အရ သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ အဖွဲ့ဝင် သစ်ကို ခန့်အပ်နိုင်ပြီး ထိုသူသည် လစ်လပ်သည့် နေရာအတွက် ကျန်ရှိသော သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

(ဃ) မြို့နယ်အဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် လစ်လပ်သည့် အဖွဲ့ဝင်နှင့် သက်ဆိုင်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများ၏ တင်ပြချက်အရ အဖွဲ့ဝင်သစ်ကို ခန့်အပ်နိုင်ပြီး ထိုသူသည် လစ်လပ်သည့် နေရာအတွက် ကျန်ရှိသော သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

(၃၅) အပိုဒ် ၁၀ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ပြည်ထောင်စုဥပဒေဆိုင်ရာ စကားရပ်ကို ဥပဒေဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၁ ကို အပိုဒ် ၁၉ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ပြည်ထောင်စုဥပဒေဆိုင်ရာ စကားရပ်ကို ဥပဒေဆိုင်ရာဟုလည်းကောင်း၊ အဖွဲ့ဝင်များမှ ရွေးကောက်တင်မြှောက်ထားသည့် ပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် စကားရပ်ကို အဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် ရွေးချယ်သည့် ပုဂ္ဂိုလ်က ဥက္ကဋ္ဌကိုယ်စား အစည်းအဝေးကိုဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၁၂ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ပြည်ထောင်စုဥပဒေဆိုင်ရာ စကားရပ်ကို ဥပဒေဆိုင်ရာဟုလည်းကောင်း၊ ဥက္ကဋ္ဌကိုယ်စား ရွေးကောက်တင်မြှောက်သောစကားရပ်ကို ပုဒ်မ ၁၉ အရ ဥက္ကဋ္ဌကိုယ်စား ရွေးချယ်ခံရသည့်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၁၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ အထောက်အကူပေးရေးအဖွဲ့အားလုံး စကားရပ်ကို အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၃၉) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲအား ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့် ညီညွတ်မှုရှိစေရန် ကြီးကြပ်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲအား ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စကားရပ်ကို ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၁၄ အပိုဒ်ခွဲ(င)ကို အပိုဒ် ၆ အပိုဒ်ခွဲ (င) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စိစစ်ကူညီဆောင်ရွက်ခြင်း စကားရပ်ကို ကူညီဆောင်ရွက်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၁၄ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အထောက်အကူပေးရေးအဖွဲ့သည် စကားရပ်ကို အထောက်အကူပေးရေးအဖွဲ့များကိုဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တာဝန်ခံခြင်းစကားရပ်ကို အကူအညီများပေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ပါသည်။

(၄၅) အခန်း(၅) ခေါင်းစဉ်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက် အကူပေးရေးအဖွဲ့ စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေ ဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ဟု ပြင်ဆင်သဖြင့်၊ ဤဥပဒေတွင်ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့စကားရပ် များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေး ရေးအဖွဲ့ဟု အသီးသီးပြင်ဆင်ပါသည်။

(၄၆) အခန်း(၅)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ညွှန်ကြားရေးမှူး စကားရပ်၏ရှေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးမှ စကားရပ်ကို ဖြည့်စွက်၍လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ စကားရပ်ကို ပယ်ဖျက်၍လည်းကောင်း ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၇) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၈ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ် ခွဲရှိ လွှတ်တော်ကိုယ်စားလှယ် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးအဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါသည်။

(၄၉) အခန်း(၅)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဇ)အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံ ကိုယ်စားလှယ် တစ်ဦးအဖွဲ့ဝင်ဟု အသစ်ဖြည့်စွက်ပါသည်။

(၅၀) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၉ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ စကားရပ် ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဟု လည်းကောင်း၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ စကားရပ်ကို မြို့နယ် အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဟုလည်းကောင်း အသီးသီး ပြင်ဆင် သဖြင့် ဤဥပဒေတွင်ပါရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက် အကူပေးရေး အဖွဲ့စကားရပ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဟုလည်းကောင်း၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ စကားရပ်ကို မြို့နယ်အဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စကားရပ်ကို ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်အခွဲရှိ ထောက်ပံ့ကြေးစကားရပ်ကို ချီးမြှင့်ငွေနှင့်စရိတ်ဟု ပြင်ဆင်ပါသည်။

(၅၃) အခန်း(၆)၊ အပိုဒ် ၁၇ ကို အပိုဒ် ၁၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အဖွဲ့ဝင် ခုနစ်ဦး ဖြင့်စကားရပ်ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၅၄) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပညာတတ်ကျွမ်းသူစကားရပ်ကို ဥပဒေပညာကျွမ်းကျင်သူဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရှေ့နေချုပ်စကားရပ်ကို ဥပဒေချုပ်ဟုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိစကားရပ်ကို ခရိုင်အဆင့် ဥပဒေအရာရှိဟု ပြင်ဆင်ပါသည်။

(၅၆) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တရားသူကြီးချုပ် စကားရပ်ကို တရားလွှတ်တော်တရားသူကြီးချုပ်ဟု လည်းကောင်း၊ ခရိုင်တရားသူကြီး စကားရပ်ကို ခရိုင်အဆင့်တရားသူကြီးဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲအား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ပညာပေးမှုများကို ပြည်သူများအတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၅၈) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၅၉) အပိုဒ် ၁၈ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စကားရပ်ကို ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာ အထောက်ကူပေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဟု ပြင်ဆင်ပါသည်။

(၆၀) အခန်း(၇)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲအား မြို့နယ်အတွင်း ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင် တစ်ဦး သို့မဟုတ် အများက ယုံကြည်လေးစားပြီး ဥပဒေပညာ ကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၆၁) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရှေ့နေချုပ်စကားရပ်ကို ဥပဒေချုပ်ဟုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိစကားရပ်ကို မြို့နယ်အဆင့် ဥပဒေအရာရှိဟု ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၁၉ အပိုဒ်ခွဲ( င)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တရားသူကြီးချုပ် စကားရပ်ကို တရားလွှတ်တော် တရားသူကြီးချုပ်ဟု လည်းကောင်း၊ မြို့နယ်တရားသူကြီး စကားရပ်ကို မြို့နယ်အဆင့်တရားသူကြီးဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အထောက်အကူပြုမှုများပေးခြင်း စကားရပ်ကို အထောက်အကူများ ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၆၄) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)အဖြစ် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ပညာပေးမှုများကို ပြည်သူများအတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၆၅) အခန်း(၉)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

အခန်း ( ၉)

ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခြင်း

၂၁။ နိုင်ငံတော်အတွင်းနေထိုင်သော ကလေးသူငယ်နှင့် မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန်အတွက် သတ်မှတ်ပုံစံများဖြင့် သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရန်အတွက် တင်ပြချက်ကို လက်ခံရရှိသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တင်ပြတောင်းခံခြင်းကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီစိစစ်၍ ဥပဒေဆိုင်ရာအထောက်အကူပေးနိုင်သည် သို့မဟုတ် အထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၂၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုခဲ့ပါက တစ်ဆင့်မြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များထံ အဆင့်ဆင့်တင်ပြတောင်းခံနိုင်သည်။

**မူကြမ်း**

၂၄။ ပုဒ်မ ၂၁ တွင် အကျုံးဝင်သူများသည် အောက်ဖော်ပြပါပြစ်မှုများ၌ ဥပဒေဆိုင်ရာ အထောက်အကူရရှိရန် တင်ပြတောင်းခံနိုင်သည် -

(က) သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ထောင်ဒဏ် တစ်သက်ချမှတ်နိုင်သည့်ပြစ်မှုများ၊

(ခ) ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများ၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဤဥပဒေအရ ထုတ်ပြန်ထားသည့်ပြစ်မှုများ။

(၆၆) အခန်း(၈)ခေါင်းစဉ်ကို အခန်း(၁၀)ခေါင်းစဉ်အဖြစ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများဟု ပြင်ဆင်ပါသည်။

(၆၇) အခန်း(၈)၊ အပိုဒ် ၂၁ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စပ်လျဉ်း၍ စကားရပ်ကို ပတ်သက်၍ဟု ပြင်ဆင်ပါသည်။

(၆၈) အပိုဒ် ၂၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သတင်းပေးခြင်း၊ ပြောကြားခြင်း၊ စကားရပ်တို့မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၆၉) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရီမံယူသည့်အခါ စကားရပ်ကို ချုပ်မိန့်တောင်းခံသည့်အခါ ဟုလည်းကောင်း၊ ရီမံဖြင့် စကားရပ်ကို ချုပ်မိန့်ဖြင့်ဟုလည်းကောင်း သီးသီး ပြင်ဆင်ပါသည်။

(၇၀) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရှေ့နေဖြင့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇၁) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)တို့ကို ပယ်ဖျက်ပါသည်။

(၇၂) အပိုဒ် ၂၂ ကို အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စပ်လျဉ်း၍ စကားရပ်ကို ပတ်သက်၍ဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၂၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အယူခံမှုအပါအဝင် ပြစ်ဒဏ်မှ သက်သာခွင့်ရရှိရေးအတွက် စကားရပ်ကို အယူခံမှုများတွင်ဟု ပြင်ဆင်ပါသည်။

(၇၄) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အပို့ခံရသဖြင့် ၎င်းတို့ရထိုက်သည့် စကားရပ်ကို အပို့ခံရသူများရထိုက်သည့်ဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၂၃ ကို အပိုဒ် ၂၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တရားခံ သို့မဟုတ် စွပ်စွဲခံရသူသည် စကားရပ်ကို သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် စွပ်စွဲခံရသူ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့်ပတ်သက်၍ဟု ပြင်ဆင်ပါသည်။

(၇၆) အပိုဒ် ၂၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တိုင်းရင်းသားလူမျိုးဖြစ်နေ၍ ၎င်းအား စကားရပ်ကို နိုင်ငံသားဖြစ်သော်လည်းဟု ပြင်ဆင်ပါသည်။

(၇၇) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)အဖြစ် မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ကိုယ်အမူအရာ၊ ခြေဟန်လက်ဟန်ကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၇၈) အခန်း(၉)ခေါင်းစဉ်ကို ပယ်ဖျက်ပါသည်။

(၇၉) အပိုဒ် ၂၇ ကို ပယ်ဖျက်ပါသည်။

(၈၀) အပိုဒ် ၂၈ ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အမျိုးသမီးများ စကားရပ်ကို ပယ်ဖျက်ပြီး၊ ကလေးသူငယ်စကားရပ်၏ရှေ့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိမည့် သူများထဲမှဟုဖြည့်စွက်ပြီး ကူညီမှုပြုရမည်စကားရပ်ကို ကူညီရမည်ဟု ပြင်ဆင်ပါသည်။

(၈၁) အပိုဒ် ၂၉ ကို အခန်း(၁၁)၊ အထွေထွေအခန်းတွင် အပိုဒ် ၄၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အရေးယူရမည်စကားရပ်ကို အရေးယူခြင်းခံရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၈၂) အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ နှင့် အပိုဒ် ၃၅ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၃၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရန်ဆုံးဖြတ်ပါက တရားစွဲမတင်မီအဆင့်တွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူတစ်ဦးကိုလည်းကောင်း၊ တရားစွဲတင်ပြီး နောက်အဆင့်တွင် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင်ဖြစ်စေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေတစ်ဦးကိုလည်းကောင်း၊ စွပ်စွဲခံရသူအား အထောက်အကူပေးရန် တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူအများဖြစ်၍ လိုအပ်လျှင် ရှေ့နေတစ်ဦးထက်ပို၍ ခန့်အပ်တာဝန်ပေးနိုင်သည်။

၃၃။ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ မှတ်ပုံတင်လက်မှတ်ရရှိထားသူများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရှေ့နေအဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြလျှောက်ထားနိုင်သည်။ ရှေ့နေအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် ဤဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃၄။ အောက်ပါပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ်ခန့်အပ်ရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်သည် -

(က) တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ မှတ်ပုံတင်လက်မှတ်မရရှိသေးသည့် အစိုးရအသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဥပဒေဘွဲ့ရရှိသူ၊

(ခ) ဥပဒေဘွဲ့မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများတွင် အတွေ့အကြုံရှိသူ။

၃၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူအဖြစ် ခန့်အပ်ခြင်းခံရသူသည် ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော ဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

**မူကြမ်း**

(၈၃) အခန်း(၁၀)ခေါင်းစဉ်အဖြစ် ရန်ပုံငွေတောင်းခံခြင်းနှင့်သုံးစွဲခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၈၄) အပိုဒ် ၃၆ နှင့် အပိုဒ် ၃၉ တို့အဖြစ် အောက်ပါအတိုင်း အသီးသီး အသစ်ဖြည့်စွက်ပါသည် -

၃၆။ ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် ဘဏ္ဍာငွေအရအသုံး စာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြရမည်။

၃၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ရှေ့နေနှင့်ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူတို့အတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(၈၅) အခန်း(၁၀)ကို အခန်း(၁၁)အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ် ၃၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၇။ (က) ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် ပြည်တွင်းမှ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

**မူကြမ်း**

(၈၆) အပိုဒ် ၃၃ ကို အပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် စကားရပ်ကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည်ဟု ပြင်ဆင်ပါသည်။

(၈၇) အပိုဒ် ၃၄ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်အား ပြည်ထောင်စုအဆင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၈၈) အပိုဒ် ၃၅ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပြစ်မှုဆိုင်ရာဥပဒေစကားရပ်ကို ရာဇသတ်ကြီးဟု ပြင်ဆင်ပါသည်။

(၈၉) အပိုဒ် ၄၅ အဖြစ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်က ဤဥပဒေအရ လိုအပ်သော အကူအညီများ တောင်းခံလာလျှင် အကူအညီပေးရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၉၀) အပိုဒ် ၃၆ ကို အပိုဒ် ၄၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မူလစကားရပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့စကားရပ်တို့ကို ပယ်ဖျက်ပါသည်။

(၉၁) အပိုဒ် ၃၈ ကို အပိုဒ် ၄၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်အား ပြည်ထောင်စုအဆင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ ခြောက်လတစ်ကြိမ် တင်ပြရမည် ဟု ပြင်ဆင်ပါသည်။

(၉၂) အပိုဒ် ၃၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးစိုးဝင်းတင်ပြနိုင်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေနှင့် ပတ်သက်လို့ ကျွန်တော် ၁၂-၁၁-၂၀၁၂ ရက်နေ့မှာ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ကျွန်တော်တင်သွင်းခဲ့တဲ့အခါမှာ ဥက္ကဋ္ဌကြီးရဲ့ရုံးခန်းမှာပဲ ကျွန်တော်တို့အားလုံးခေါ်ပြီးတော့ ဒီဥပဒေကို ကျွန်တော်တို့မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ဆိုပြီးတော့ တစ်ခုခုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအဖြစ် လွှတ်တော်သို့ ပြောင်းလဲတင်သွင်းပေးပါဆိုပြီးတော့ ဥက္ကဋ္ဌကြီးကနေပြီးတော့ပဲ ကျွန်တော့်ကို ညွှန်ကြားပေးခဲ့ပါတယ်။ ကျွန်တော်တို့ တောင်းဆိုချက်အရပဲ ကျွန်တော်တို့ အဲဒီတုန်းက ပြည်ထောင်စုအစိုးရနဲ့ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုအဖြစ် ပြောင်းလဲတင်သွင်းခဲ့ပါတယ်။ ဘယ်တုန်းက တင်သွင်းခဲ့တာလဲဆိုတော့ ၃၀-၁၁-၂၀၁၂ ရက်နေ့မှာ ကျွန်တော်သွင်းခဲ့တာဖြစ်ပါတယ်။ အဲလိုတင်လိုက်ပြီးတဲ့အခါမျိုးမှာ ၂၆-၆-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ အဆိုကောင်းတစ်ခုဖြစ်သည့်အတွက် ဥပဒေအဖြစ်ရေးဆွဲနိုင်ရေး ကိုယ်စားလှယ်၏သဘောထားနဲ့ အသစ်ရေးဆွဲထားသော ဥပဒေရှိပါက ပြန်လည်တင်ပြပေးနိုင်ပါရန် အကြောင်းကြားပါတယ်ဆိုပြီး ၂၆-၆-၂၀၁၃ ရက်နေ့မှာလက်ခံရရှိခဲ့လို့မို့လို့ ကျွန်တော်ဟာ (၇)လပိုင်းမှာ ပြန်ပြီးတော့တင်ပေးခဲ့ပါတယ်။ ဦးတီခွန်မြတ်တင်တဲ့ ဥပဒေကြမ်းနဲ့ ကျွန်တော်တင်ထားတဲ့ ဥပဒေကြမ်းဟာ သဘောထားတစ်သဘောတည်းပါပဲ။ အဲဒီတော့ ကျွန်တော့်အနေနဲ့က ဒီဥပဒေကြမ်း ဟိုတုန်းကလည်း အမြန်ဖြစ်ပေါ်လာရေးဆိုပြီး ၂၀၁၂ ကတည်းက ကျွန်တော်တင်ခဲ့တဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ အဲ့ဒီတုန်းကလည်း ပြည်သူ့အတွက် အမြန်ဖြစ်ပေါ်လာရေးသာ အဓိကဆိုပြီး

တော့ကျတော့ ပြောင်းလဲပြီးကျတော့ အဆိုအဖြစ်ပြောင်းလဲတင်သွင်းပေးပါဆိုပြီးတော့ တိုက်တွန်းကြောင်းအဆိုအဖြစ် ပြောင်းလဲတင်သွင်းပေးခဲ့ပါတယ်။ ဒသမအကြိမ်မှာတုန်းကလည်း ဒသမအကြိမ် ကျွန်တော်တို့ လွှတ်တော်မှာ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရဆိုပြီးတော့ ကျွန်တော်တို့ ဒုတိယဥက္ကဋ္ဌ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးဌေးဦးကနေပြီးတော့ကျတော့ ကျွန်တော်ကို အစည်းအဝေး။

**ဥက္ကဋ္ဌ**။ ။ ပါတီအနေနဲ့မဟုတ်ပါဘူး။ ကျွန်တော် မြန်မာနိုင်ငံသားများရဲ့မူလအခွင့်အရေး။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ မြန်မာနိုင်ငံသားများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို။

**ဥက္ကဋ္ဌ** ။ ။ မဟုတ်ဘူးခင်ဗျား။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းပါခင်ဗျ။ ကျွန်တော်တင်ပေးခဲ့ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ မဟုတ်ဘူးခင်ဗျ။ ဒီလို ဒီလိုပါ။ နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဦးဌေးဦးကတစ်ဆင့် ဆက်ပြောပါ။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ အဲဒီတော့ကျတော့ ကျွန်တော် အဲဒီမှာ အစည်းအဝေးခေါ်လို့မို့လို့ ကျွန်တော်တို့ ဒီကတစ်ပတ်အတွင်းဖြစ်မယ်ဆိုပြီးတော့ကျတော့ ကျွန်တော်ကလည်းမျှော်လင့်ခဲ့ပါတယ်။ အခုတစ်ခါ ဦးတီခွန်မြတ်က ဒီဟာကိုတင်လာပြီဆိုတဲ့အခါကျတော့ ကျွန်တော် ကျေးဇူးတင်ပါတယ်။ အများကြီးလည်းဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့အတွက်တကယ်လိုအပ်တဲ့အခွင့်အရေး ကျွန်တော် ၂၀၁၂ ခုနှစ်ကတည်းက တင်ခဲ့တဲ့ဟာ အခုအကောင်အထည်ပေါ်လာပြီဖြစ်တဲ့အတွက် ဘယ်သူပဲတင်တင်ပါ။ ကျွန်တော်တို့လိုအပ်ချက်တွေ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ဖို့သာ အဓိကပါလို့ ကျွန်တော်အနေနဲ့ ပြောရင်းနဲ့ ကျွန်တော်နိဂုံးချုပ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကျွန်တော်တို့က ဥပဒေပြုအဖွဲ့အစည်းပါ။ ဥပဒေပြုတဲ့နေရာမှာလည်း ပြည်ထောင်စုအဆင့်အဖွဲ့များကတင်ပြလာတဲ့ ဥပဒေကို လွှတ်တော်ထဲမှာ လွှတ်တော်ရဲ့သဘောထား ဆန္ဒခံယူစရာမလိုပဲနဲ့ တစ်ခါတည်း ဥပဒေကြမ်းကို တင်ပြဆွေးနွေးနိုင်ခွင့်ရှိပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းကို တင်သွင်းနိုင်ခွင့်ရှိပါတယ်။ သို့ရာတွင် ထူးခြားချက်က လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီက တင်ပြတင်သွင်းလာတဲ့ ဥပဒေကြမ်းကို လွှတ်တော်ကို တင်ပြတဲ့အခါမှာ လွှတ်တော်က ဒီဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးခွင့်ပြုတယ်လို့ လွှတ်တော်က ဆုံးဖြတ်မှ ဒီဥပဒေကြမ်းကိုတင်သွင်းခွင့်ရှိပါတယ်။ ဒါကြောင့် ဦးတီခွန်မြတ် တင်သွင်းလာတဲ့ ဥပဒေကြမ်းဟာ တစ်ဦးချင်းပုဂ္ဂလိက တင်သွင်းတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်က ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ ဒီနေ့ဆောင်ရွက်နေတာပါ။ ဒီနေ့ဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်တို့ ဥပဒေ ကောင်းတစ်ခုဖြစ်အောင် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကျန်တဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်း အသီးသီးကလည်း ဥပဒေကောင်းတစ်ခုဖြစ်အောင် ဆက်လက်ဆောင်ရွက်ဖို့လိုပါမယ်။ ဒါကြောင့်မို့လို့ ဦးစိုးဝင်း ခုနက ကျွန်တော်တို့ တန်းဖြုတ်ချိန်မှာလာတင်ပြပါတယ်။ အမှန်တိုင်းပြောရမယ်ဆို တင်ပြချက်တွေ ကျွန်တော့်ခေါင်းထဲမှာမရှိပါဘူး။ တင်ပြလာတော့မှပဲ သြော်ဟုတ်ပါတယ်။ ဒါကြောင့် မို့လို့ ကိုယ့်ရဲ့လုပ်အားလေးလည်း မဆုံးရှုံးရအောင် လွှတ်တော်ထဲမှာပြန်တင်ပြပါ။ ကျွန်တော်ခွင့်ပြု လိုက်ခြင်းဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီခင်ဗျား။

**ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က တင်သွင်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၂၅-၃-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိ ပေးကြေညာပါတယ်။ ကျွန်တော်ဒီမှာ ၂၅-၃-၂၀၁၅ ရက်ဆိုတဲ့အတွက် ဒီနေ့ ၁၀-၃-၂၀၁၅ ရက် ဆိုလို့ရှိရင် အချိန်နှစ်ပတ်ပေးထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအနေ နဲ့လည်း ဥပဒေကြမ်းကော်မတီကနေ တင်ပြထားတဲ့အကြံပြုချက်တွေ၊ စိစစ်ချက်တွေအပေါ် မူတည် ပြီးတော့ မိမိတို့ဘက်ကလည်း သေချာပြန်စိစစ်ပြီးတော့ တင်ပြဖို့လိုပါတယ်။ ထိုနည်းတူစွာပဲ ဒီလွှတ်တော်ကိုယ်စားလှယ်များက ဒီလိုစိစစ်တင်ပြတဲ့နေရာမှာ အခြားအခြားသော သက်ဆိုင်တဲ့ဌာန

များ၊ အခြားအခြားသောအဖွဲ့အစည်းများရဲ့ အကြံပြုချက်များကိုပါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ်ရင် လွှတ်တော်ကိုယ်စားလှယ်များက လက်ခံပြီးတော့ ဒီဥပဒေမှာ ပြန်ပြီးဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် တကယ်လိုအပ်နေတဲ့ legal Aid လို့ခေါ်တဲ့ ဥပဒေပြု အထောက်အကူပြုရေးအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံသားများဟာ ဒီလို ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များမရှိတဲ့အတွက် ဥပဒေဆိုင်ရာရရှိမယ့် အခွင့်အရေး များကိုလည်း များစွာနစ်နာနေကြောင်း အားလုံးသိပြီး ဖြစ်ပါတယ်။ ဒီဥပဒေပြုတဲ့နေရာမှာ ရည်ရွယ်ချက်ကို ဖော်ပြတာ ဒါဖတ်လိုက်မယ်ဆိုရင် ရည်ရွယ်ချက်ဘယ်လောက်ရှိသလဲ၊ စေတနာဘယ် လောက်ကောင်းသလဲဆိုတာလည်း တွေ့မှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့သိသလောက် ဆိုလို့ရှိရင် မတ်လ ၂၃ ရက်နေ့မှာ ကျွန်တော်တို့ နေပြည်တော်မှာပဲ UNDP အပါအဝင် အခြားအဖွဲ့ အစည်းအစုံက ဒီကိစ္စမျိုးနဲ့ပတ်သက်လို့ ဆွေးနွေးမှာဖြစ်တဲ့အတွက် ၂၃ ရက်နေ့ဆွေးနွေးပွဲရဲ့ ရလဒ် များပါ အကျုံးဝင်အောင် အခုကဲ့သို့ ၂၅-၃-၂၀၁၅ ရက်နေ့ထိ အမည်စာရင်းပေးဖို့ စီစဉ်ဆောင်ရွက် ထားခြင်းဖြစ်ကြောင်းလည်း ကြုံကြိုက်တုန်းအသိပေးလိုပါတယ်။

## ဘဏ္ဍာရေးဝန်ကြီးဌာနက အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဘဏ္ဍာရေး ဝန်ကြီးဌာနက အစိုးရအောင်ဘာလေထီဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန အားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို ဥပဒေအဖြစ် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး အတွက် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အောင်ဘာလေသိန်းဆုခွန်ဟာ ပြည်ထောင်စုရဲ့ အခွန် အကောက်ဆိုင်ရာ ပြည်တွင်းထွက်ကုန်နဲ့ ပြည်သူပြည်သားများ စားသုံးမှုအပေါ်မှာ ကောက်ခံတဲ့ အခွန်

အကောက်ခေါင်းစဉ်ကြီးအောက်က ကောက်ခံတဲ့အခွန်အမျိုးအစားဖြစ်ပါတယ်။ ဒီလို အခွန်ကောက်ခံရာမှာ ဥပဒေနှင့်အညီကောက်ခံနိုင်ရေး အောင်ဘာလေထီထုတ်ဝေရောင်းချခြင်းကို ခေတ်မီ IT နည်းပညာသုံး ထီရောင်းချမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ အကျိုးတူဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ထီစနစ်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးတို့ကိုရည်ရွယ်ပြီး ရေးဆွဲပြုစုထားတဲ့ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ အောင်ဘာလေသိန်းဆုခွန်ကောက်ခံခြင်းဆိုင်ရာ ထီလက်မှတ်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဆုငွေ ထုတ်ပေးခြင်းများကို အမိန့်၊ ညွှန်ကြားချက်များဖြင့်သာ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

အောင်ဘာလေထီလုပ်ငန်းကို အခွန်ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက်လည်းကောင်း၊ ခေတ်မီ IT နည်းပညာသုံးထီရောင်းချခြင်းစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်လျက် ထီစနစ်ကိုပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လည်းကောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို တင်သွင်းလာခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၁-၂၀၁၅ ရက်နေ့နှင့် ၇-၃-၂၀၁၅ ရက်နေ့များတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံထီလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၇)ခန်းနှင့် ပုဒ်မပေါင်း(၂၂)ခုပါရှိပါသည်။

(၂) အပိုဒ် ၁ အပိုဒ်ခွဲ(ခ)ကို ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်ဟု ပြင်ဆင်ပါသည်။

(၃) အပိုဒ်(၂) အပိုဒ်ခွဲ(က)အဖြစ် အစိုးရဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရကိုဆိုသည်ဟု အသစ်ဖြည့်စွက်သဖြင့် ကျန်အစဉ်များ ပြောင်းလဲသွားပါမည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီဆုငွေကံစမ်းသည့် အစီအစဉ်စကားရပ်ကို ထီဆုငွေရရှိရေးအတွက် ကံစမ်းနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သည့် ထီလုပ်ငန်းဟု ပြင်ဆင်ပါသည်။

(၅) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ အထောက်အထားစကားရပ်ကို အထောက်အထား ထီလက်မှတ်စာရွက်ဟု ပြင်ဆင်ဖြည့်စွက်ပြီးသော်လည်းကောင်း၊ အခြားတစ်နည်းနည်း ဖြင့်သော်လည်းကောင်း စကားရပ်ကို ပယ်ဖျက်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(စ)အဖြစ် ထီလုပ်ငန်းဆိုသည်မှာ ထီလက်မှတ်များပုံနှိပ်ခြင်း၊ ထုတ်ဝေ ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ထီပေါက်မဲဖွင့်လှစ်ပေးခြင်းနှင့် ထီဆုငွေထုတ်ပေး ခြင်းတို့ကိုဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇) မူလအပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထီလုပ်ငန်းရှင် ဆိုသည်မှာ အစိုးရထီရုံးကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)အဖြစ် (ဇ) အီလက်ထရောနစ် ထီလုပ်ငန်းအကျိုးတူဆောင်ရွက်သူ ဆိုသည်မှာ ထီလုပ်ငန်းရှင်နှင့် အီလက်ထရောက်နစ်ထီလုပ်ငန်းကို အကျိုးတူပူးပေါင်း ဆောင်ရွက်သူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၉) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထီရောင်းချသူဆိုသည်မှာ ထီလုပ်ငန်းရှင်ထံမှ ထီလက်မှတ်ဝယ်ယူရောင်းချသူကိုဆို သည်ဟု ပြင်ဆင်ပါသည်။

(၁၀) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဋ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အောင်ဘာလေ သိန်းဆုခွန် ဆိုသည်မှာ ထီလုပ်ငန်းရှင်ကထီလက်မှတ်ရောင်းရငွေအပေါ် နိုင်ငံတော် သို့ပေးဆောင်ရသည့် အခွန်ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၁) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အကျိုးအမြတ် နှုန်းဆိုသည်မှာ ထီလုပ်ငန်းရှင်က အီလက်ထရောနစ်ထီလုပ်ငန်း အကျိုးတူဆောင်ရွက် သူအားပေးရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထား သည့်နှုန်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၂) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကော်မရှင်ခ ဆိုသည်မှာ ထီလုပ်ငန်းရှင်က ထီရောင်းချသူအား ထီလက်မှတ်ရောင်းရငွေမှ သတ်မှတ် ချက်များနှင့်အညီ ခံစားခွင့်ပေးသည့် အခကြေးငွေကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၃) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဠ)ကို အပိုဒ်ခွဲ(ဎ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထီပေါက်သူကို ခွဲဝေပေးသည့် စကားရပ်ကို ထီပေါက်သူကို ထီလက်မှတ်ရောင်းရငွေမှ ခွဲဝေပေးသည့် ဟု ပြင်ဆင်ပါသည်။

(၁၄) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထီဆုငွေ ထွက်ပေါ်စေသည့် စကားရပ်ကို ထီဆုငွေနှင့် ဆုရလက်မှတ်များ ထွက်ပေါ်စေရန်ဟု ပြင်ဆင်ပါသည်။

(၁၅) မူလအပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(ထ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထီပေါက်စဉ်ဆိုသည်မှာ အစိုးရထီရုံးက ထီဆုငွေနှင့် ဆုရလက်မှတ်နံပါတ်များကို ပုံနှိပ်၍ဖြစ်စေ၊ အသံလွှင့်၍ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ပြန်ကြေညာသည့် အမှတ်အသားကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၆) အခန်း(၂)အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည် -

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောင်ဘာလေသိန်းဆုခွန်များ ပိုမိုတိုးတက် ကောက်ခံနိုင်ရန်၊

(ခ) ထီလက်မှတ်များ ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ထီဆုငွေ ထုတ်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်စေရန်၊

(ဂ) အီလက်ထရောနစ် ထီလုပ်ငန်းကို ပြည်တွင်းပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်စေရန်

(၁၇) မူလအခန်း(၂)ကို အခန်း(၃)အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ပါသည်-

## အခန်း (၃)

## ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များ

၄။ ညွှန်ကြားရေးမှူးချုပ်သည် အစိုးရအောင်ဘာလေထီလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ထီလက်မှတ်စာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) ထီလက်မှတ်စာအုပ်များ အချိန်မီဖြန့်ဖြူးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဂ) ထီလက်မှတ်စာအုပ်များ ရောင်းချပေးခြင်းနှင့် ရောင်းရငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ပေးသွင်းခြင်း လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ထီဆုမဲခွဲဝေမှုကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ထီဖွင့်ပွဲကျင်းပနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ထီပေါက်စဉ် ထုတ်ပြန်ပေးခြင်းနှင့် ကြေညာပေးခြင်း၊

(ဆ) ထီဆုငွေထုတ်ပေးခြင်းနှင့် တစ်နှစ်အတွင်းထုတ်ယူခြင်းမပြုသည့် ဆုငွေများအားဘဏ္ဍာသိမ်းခြင်းလုပ်ငန်းများကိုစီမံဆောင်ရွက်ခြင်း၊

(ဇ) အီလက်ထရောနစ် ထီလုပ်ငန်းအတွက် အစုစပ် သို့မဟုတ် အကျိုးတူလုပ်ငန်းဆောင်ရွက်ခွင့်များ ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဈ) အီလက်ထရောနစ် ထီလုပ်ငန်းလုပ်ကိုင်ရန် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပါက ထီလုပ်ငန်းရှင်အား ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(ည) အီလက်ထရောနစ် ထီလက်မှတ်ထုတ်လုပ်သည့် ပုံစံများ သတ်မှတ်ပေးခြင်း၊

(ဋ) အီလက်ထရောနစ်ထီလုပ်ငန်းအတွက် ထီဆုမဲခွဲဝေမှုစနစ် သတ်မှတ်ပေးခြင်း၊

(ဌ) အီလက်ထရောနစ် ထီလုပ်ငန်းအတွက် ထီဆုငွေထုတ်ယူသည့် လုပ်နည်းစနစ်များကို သတ်မှတ်ပေးခြင်း၊

(ဍ) ဤဥပဒေအရ မိမိအားပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ဦးစီးဌာနမှ အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေခြင်း။

(၁၈) မူလအခန်း(၃) အပိုဒ် ၄၊ အပိုဒ် ၅ နှင့် အပိုဒ် ၆ ကို အခန်း(၅) အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ ထီလုပ်ငန်းရှင်နှင့် အီလက်ထရောနစ်ထီလုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်သူတို့သည် -

(က) ထီလက်မှတ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရမည်။

(ခ) ထီလက်မှတ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များခန့်အပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချနိုင်သည်။

(ဂ) ထီလက်မှတ် ရောင်းရငွေများအားလုံးကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ ပေးသွင်းရမည်။

(၁၉) မူလ အခန်း(၄) အပိုဒ် ၇ ကို အခန်း(၆) အပိုဒ် ၁၅ အဖြစ် အစိုးရထီရုံးသည် ထီဖွင့်ပွဲကို အများပြည်သူရှေ့မှောက်၌ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်ဟု ပြင်ဆင်ပါသည်။

(၂၀) မူလအပိုဒ် ၈ ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကြေညာပေးရမည် စကားရပ်ကို ကြေညာရမည်ဟု ပြင်ဆင်ပါသည်။

(၂၁) မူလအပိုဒ် ၉ ကို အပိုဒ် ၁၇ အဖြစ် ပြင်ဆင်ပြီး နိုင်ငံတော်သည် စကားရပ်ကို ဦးစီးဌာနသည်ဟု ပြင်ဆင်ပါသည်။

(၂၂) မူလအပိုဒ် ၁၀ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ စကားရပ်ကို အစိုးရအဖွဲ့ဟု ပြင်ဆင်ပါသည်။

(၂၃) မူလအပိုဒ် ၁၁ ကို အပိုဒ် ၁၉ အဖြစ် ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၄) မူလအပိုဒ် ၁၂ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ဆုရလက်မှတ် လက်ဝယ်ရှိသူသည် ထုတ်ယူရမည့် ထီဆုငွေကို စတင်ထုတ်ယူနိုင်သည့်နေ့မှစ၍ တစ်နှစ်အတွင်းသာ ထုတ်ယူခွင့်ရှိသည်။ ခိုင်လုံသော အထောက်အထားမရှိပါက တစ်နှစ်ကျော်လွန်သည် အထိ ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်ရမည် ဟုပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၁။ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ထီဆုငွေများကို သတ်မှတ်ချက်များနှင့်အညီ အောင်ဘာလေထီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲရမည်

(၂၆) မူလအခန်း(၅)ကို အခန်း(၇)အဖြစ် ပြင်ဆင်ပြီး မူလအပိုဒ် ၁၃ ကို အပိုဒ် ၂၂ အဖြစ် ထီလုပ်ငန်းရှင်မှအပ မည်သူမျှ ထီလက်မှတ်များ ထုတ်ဝေခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၂၇) မူလအပိုဒ် ၁၄ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး မည်သူမျှ ထီလက်မှတ်ကို ဆင်တူရိုးမှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်းနှင့် ပြင်ဆင်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၂၈) မူလအပိုဒ် ၁၅ နှင့် အပိုဒ် ၁၇ တို့ကို ပယ်ဖျက်ပါသည်။

(၂၉) မူလအပိုဒ် ၁၆ ကို အပိုဒ် ၂၄ အဖြစ် ထီရောင်းချသူ မည်သူမျှ ထီလက်မှတ်ကို သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချခြင်းမပြုရဟုပြင်ဆင်ပါသည်။

(၃၀) မူလအခန်း(၆) အပိုဒ် ၁၈ အပိုဒ်ခွဲ (က) ၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)တို့ကို အခန်း(၈) အပိုဒ် ၂၅၊ အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း

**မူကြမ်း**

ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၁) မူလအပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)တို့ကို ပယ်ဖျက်ပါသည်။

(၃၂) မူလအခန်း(၇)ကို အခန်း(၉)အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၂၈၊ အပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၈။ အောင်ဘာလေထီလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဦးစီးဌာန၊ အစိုးရထီရုံးနှင့် ထီရောင်းချသူများသည် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၉။ ထီဆုငွေအဖြစ်ရရှိသည့် ဝင်ငွေအပေါ် အခွန်ကင်းလွတ်ခွင့် ပြုရမည်။

၃၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(၃၃) မူလအပိုဒ် ၁၉ ကို အပိုဒ် ၃၁ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ကို ထီလုပ်ငန်းနှင့်စပ်လျဉ်း၍ ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၄) မူလအပိုဒ် ၂၀ နှင့် အပိုဒ် ၂၁ ကို အခန်း (၄) အဖြစ် အောက်ပါအတိုင်း အသစ်ပြင်ဆင်ဖြည့်စွက်ပါသည် -

## အခန်း (၄)
## အီလက်ထရောနစ် ထီလုပ်ငန်း

၅။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အီလက်ထရောနစ် ထီလုပ်ငန်းကို တည်ဆဲဥပဒေများအရ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိက အား အစုစပ်လုပ်ငန်းဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၆။ ထီလုပ်ငန်းရှင်သည် ဦးစီးဌာနနှင့် ထီလုပ်ငန်း အကျိုးတူဆောင်ရွက်သည့် လုပ်ငန်းများ၌ အောက်ဖော်ပြပါအတိုင်း လိုက်နာရမည် -

(က) အီလက်ထရောနစ် ထီလက်မှတ်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဖွင့်ပွဲကျင်းပခြင်းနှင့်ထီဆုငွေထုတ်ပေးခြင်းလုပ်ငန်းများကို နည်းပညာ အရ လုံခြုံမှုရှိစေရန် တာဝန်ခံရမည်။

(ခ) နည်းပညာအရ လုံခြုံမှုကျိုးပေါက်ခြင်းကြောင့် နိုင်ငံတော်နှင့် ထီကံစမ်း သူများနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ပါကထီလုပ်ငန်းရှင်သည် ယင်းဆုံးရှုံး နစ်နာမှုများအတွက်အပြည့်အဝ ပေးလျော်ရမည်။

၇။ အီလက်ထရောနစ်ထီလုပ်ငန်းကို ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးနှင့် ထီလုပ်ငန်းကိုအစုစပ်ဖြစ်စေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူသည် ထီလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၈။ ဦးစီးဌာနသည် ပုဒ်မ ၇ အရ လျှောက်ထားချက်ကို ရရှိပါက သတ်မှတ်ချက် များနှင့်အညီ စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တင်ပြလာသော လျှောက်ထားချက်ကို ရရှိသည့် အခါ အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၉ အရ ဝန်ကြီးဌာနက တင်ပြလာသော လျှောက်လွှာကို စိစစ်၍ အီလက်ထရောနစ် ထီလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**မူကြမ်း**

၁၁။ အစိုးရအဖွဲ့သည် အီလက်ထရောနစ် ထီလုပ်ငန်းကို ဆောင်ရွက်ရန် ခွင့်ပြုပါက ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်ချမှတ်ပေးရမည်။

၁၂။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပါက ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

၁၃။ ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးသည် အီလက်ထရောနစ်ထီလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုမိန့်ကို ပုဒ်မ ၇ အရ လျှောက်ထားသူအား ခွင့်ပြုမိန့်ပါ အတိုင်း ဆောင်ရွက်စေရမည်။

(၃၅) မူလအပိုဒ် ၂၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများရှိ လိုအပ်ပါက စကားရပ်ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၃-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**